# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်၊ အင်္ဂါနေ့။ Tuesday, 1 August 2023 ၁၁၁၇၄


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

ကြေညာချက်အမှတ် ၂/၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ (၀၉၃၀) နာရီတွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထပ်မံသက်တမ်းတိုးထားသည့် ၆ လတာကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်နှင့် အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို ပြင်ဆင်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းတို့ကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃) ကျင်းပစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/ ၂၀၂၃) ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃)ကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုး တာဝန်ယူခဲ့သည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ကြေးမုံ

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

သိဒ္ဓတ္ထမင်းသားသည် ကဆုန်လပြည့်နေ့တွင် ဥရုဝေလတော နေရဥ္စရာ မြစ်ကမ်းပါးအနီး ဗောဓိပင်ရင်း၌ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူသည်။ နယုန်လတွင် ရောဟိဏီမြစ်ရေကို အဝေမသင့်သဖြင့် နှစ်ပြည်ထောင်သားတို့ အချင်းများပဋိပက္ခဖြစ်ကြရာ မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာကာ ရန်ပြေ-မာန်ပြေတရားကိုဟောတော်မူသဖြင့် လက်နက်များစွန့်လွှတ်၍ ငြိမ်းအေးသွားကြလေသည်။

ဝါဆိုလပြည့်နေ့သို့ရောက်သောအခါ ဣသိပတန မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဟောတော်မူသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့ဟု သတ်မှတ်ကြသည်။ ဝါဆိုလသည် ပဥ္စင်းတော်ခံပွဲတော်နေ့ဖြစ်သည့်အပြင် ဓမ္မစကြာအခါတော်နေ့လည်းဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် အခြားသောလများထက် ဘာသာရေးအရ အရေးပါသော ထူးခြားဖြစ်စဉ်များကို နှလုံးသွင်းဆင်ခြင်ကြည်ညိုသူတိုင်း ကုသိုလ်တိုးပွားကောင်းကျိုးများစေသည့် ထူးမြတ်သည့်နေ့ဖြစ်သည်။

ဝါဆိုလပြည့်နေ့၏ ထူးခြားချက်များမှာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူသောနေ့၊ သိဒ္ဓတ္ထမင်းသားတောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီး ဓမ္မစကြာတရားဦး ဟောတော်မူသောနေ့၊ ဘုရားဖြစ်ပြီဟု ရဲဝံ့စွာကြေညာသောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာ စတင်ပေါ်ထွန်းသောနေ့၊ ဧဟိဘိက္ခုဟူသော မြတ်ဗုဒ္ဓ၏ ဗျာဒိတ်တော်ရ ရဟန်း စတင်ပေါ်ထွန်းသောနေ့၊ ခုနစ်ဝါမြောက် ဝါဆိုတော်မူရင်း အဘိဓမ္မာတရားဟောကြားရန်အတွက် တာဝတိံသာနတ်ပြည်သို့ကြွတော်မူစဉ် ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့တို့ဖြစ်၍ ဝါဆိုလပြည့်နေ့တွင် သဒ္ဓါပေါက်ရာ နှလုံးသွင်း၍ မြတ်ဗုဒ္ဓကို အာရုံပြုကြည်ညိုနိုင်ကြပါသည်။

ဝါဆိုလပြည့်နေ့၏ အနှစ်သာရမှာ ဓမ္မစကြာတရားဖြစ်ပါသည်။ ဓမ္မစကြာတရား၏ မြစ်ဖျားခံရာသည် သစ္စာလေးပါးအမြတ်တရားဖြစ်ပါသည်။ သစ္စာလေးပါး အမှန်တရားအချုပ်မှာ (၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) နိရောဓသစ္စာနှင့် (၄) မဂ္ဂသစ္စာတို့ဖြစ်ပါသည်။ ယင်းတို့ကို အရိယသစ္စာဟုလည်းခေါ်ပါသည်။ သစ္စာလေးပါးနှင့်ပတ်သက်၍ ရှင်းလင်းစွာသိမြင်နိုင်ရန် အနာရောဂါကို စစ်ဆေးသော အင်္ဂါလေးပါးအလိုအရ (၁) အနာရောဂါ၊ (၂) အနာရောဂါဖြစ်ခြင်းအကြောင်း၊ (၃) အနာရောဂါပျောက်ခြင်း၊ (၄) ကုသသောဆေးဝါးတို့ဖြစ်သည်။ ထို့အတူ ဒဿနကျမ်းအလိုအရ (၁) ဒုက္ခ၊ (၂) ဒုက္ခ၏အကြောင်း၊ (၃) ဒုက္ခကင်းခြင်း၊ (၄) ဒုက္ခကင်းရန်နည်းလမ်းတို့ဖြစ်ပါသည်။ နည်းစဉ်တို့ကိုဆင်ခြင်၍ အမှန်တကယ်တွင် သံသရာမှလွတ်မြောက်ရေးသည် အချုပ်ဖြစ်ပါသည်။

ကုသိုလ်အားဖြင့်အလို့ငှာ ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရားရှင်၏ ထူးမြတ်သောဖြစ်တော်စဉ်များကို အာရုံပြု၍ သင့်လျော်ရာ၊ စိတ်အားထက်သန်ရာ ကောင်းမှုကုသိုလ်များကို ပွားများအားထုတ်ကြရန် နှိုးဆော်အပ်ပါသည်။ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာ သံသရာမှလွတ်မြောက်ရန်အလို့ငှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် သစ္စာလေးပါးအမြတ်တရားကို အလေးအနက်ဆင်ခြင်၍ ဉာဏ်အလင်းပေါက်အောင် အားထုတ်ကြဖို့လိုပါသည်။ ဒုက္ခ၊ သုခ ရောပြွမ်းနေသော သံသရာတွင် ဒုက္ခဆင်းရဲအပေါင်းတို့သည် ထူထဲစွာရှိနေသဖြင့် ဒုက္ခမှလွတ်ငြိမ်းအောင် ကြိုးပမ်းအားထုတ်ကြဖို့လိုပါသည်။

ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓဖြစ်စဉ်နှင့် ထေရဝါဒဗုဒ္ဓသာသနာဝင်သမိုင်းတွင် အထူးခြားဆုံးလဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဝါဆိုလ၏အစဉ်အလာ ပဥ္စင်းတော်ခံပွဲထက် ဓမ္မစကြာအခါတော်နေ့များက ပိုမိုထင်ရှားအောင်မြင်လာပါသည်။ အကြောင်းမှာ ဗုဒ္ဓဘာသာဝင် ကျား၊ မ၊ ကြီး၊ ငယ်မရွေး ပါဝင်ကြသည့် ဓမ္မစကြာဝတ်အသင်းများ၏ စွမ်းဆောင်မှု သဒ္ဓါတရားထက်သန်မှုကြောင့်ဟု ဆိုချင်ပါသည်။ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင်သာမက ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ဘုရား၊ စေတီရင်ပြင်တို့၌ ဓမ္မစကြာတရားတော်ကို ဝတ်အသင်းသူအသင်းသားတို့ ရွတ်ဖတ်ပူဇော်မှုများ များလာသည်ကို တွေ့ရသည်။ မြန်မာပြည်တစ်ဝန်း၌ ဓမ္မစကြာဝတ်အသင်း၊ ပဋ္ဌာန်းဝတ်အသင်းရှိလာကြသည်မှာ နိုင်ငံအတွက် ကောင်းသောလက္ခဏာများဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုလျှင် မြတ်စွာဘုရားရှင်သည် အသက်ကြီးသော ဝေရဥ္စပုဏ္ဏားကြီးအား "ကြက်တင်းတစ်ခု၌ နောက်ဆုံးဥသည့် ဥခွံမှ အလျင်ဖောက်ထွက်လာသကဲ့သို့ ငါသည်လည်း အဝိဇ္ဇာဥခွံမှ ရှေးဦးစွာ လွတ်မြောက်၍ အလင်းသို့ ရောက်ခဲ့သည်"ဟူ၍ မိန့်ကြားတော်မူခဲ့သည်ကို ဆင်ခြင်ကာ ကျွန်ုပ်တို့သည် ဤဝါဆိုလ၌ ဓမ္မစကြာတရားဒေသနာများကို နာကြားကြပြီး ဉာဏ်အလင်းရောင်ရရန် ကြိုးစားအားထုတ်ကြဖို့ နှိုးဆော်အပ်ပါသည်။ ။

## ဘီးလင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစည်းအဝေး ကျင်းပ

ဘီးလင်း ဇူလိုင် ၃၁

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးတွင် ဘီးလင်းမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစည်သူအောင်က သဘာဝဘေးမဖြစ်ပွားမီ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သဘာဝဘေး ဖြစ်ပွားနေစဉ်နှင့် ဖြစ်ပွားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး နိုင်အောင်ထွန်းက သဘာဝဘေးမဖြစ်မီ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအလိုက် ကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ဖွဲ့စည်းထားရေး၊ ကယ်ဆယ်ရေးစခန်းနေရာများ ကြိုတင်စီမံထားရှိရေး ဆောင်ရွက်ထားကြရန်တို့ကို ဆွေးနွေးပြောကြားသည်။



ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော ကော်မတီဝင်များက ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ဆောင်ရွက်မည့်အစီအစဉ်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ မြို့နယ် (ပြန်/ဆက်)

## အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ စုပေါင်းသွေးလှူဒါန်းမှု ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၃၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် ဖွင့်လှစ်သည့် Business Management၊ English for Professional Purposes Journalism၊ Tourism and Hospitality Management နှင့် Economic and Finance ဘာသာရပ်များ၌ တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၏ သွေးလှူဒါန်းမှုကို အမျိုးသားသွေးလှူဘဏ်တွင် ပြုလုပ်ခဲ့ပြီး စုပေါင်းသွေးလှူရှင် ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်တွင် ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာနီလာမြင့်ထူးက အဖွင့်အမှာစကားပြောကြားပြီး စုပေါင်းသွေးလှူဒါန်းပွဲတွင်ပါဝင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ ကြေးမုံ

## ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

ဖားကန့် ဇူလိုင် ၃၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲက အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ



ပေးအပ်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးငွေ၊ အင်ဂျင်နီယာမှူး ဦးထွန်းကိုကိုနှင့် တာဝန်ရှိသူများက ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းသို့ထောက်ပံ့ရာတွင် မူလတန်းတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၃၂ ဦး၊ အလယ်တန်းတစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် ကိုးဦး၊ အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ခုနစ်ဦးနှင့် တက္ကသိုလ်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ခုနစ်ဦး စုစုပေါင်းငွေကျပ် ၆၇၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၁-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၄၃၇ | ၃,၆၇၀,၈၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၅၀ | ၃,၉၆၉ | ၁၁,၅၄၈,၃၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၄ | ၃၀,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁,၅၀၉ | ၂,၃၃၈,၉၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၃၅၀ | ၂,၄၀၀ | ၂,၈၆၀ | ၆,၅၈၉,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၉၄ | ၉၅၀,၆၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၅၀ | ၇,၈၃၁ | ၁၄,၂၆၅,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **ရှေ့ဖုံးမှ**

ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် နိုင်ငံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့၌ တိုးတက်မှုများရရှိခဲ့သည့်အခြေအနေများ၊ အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိမှုနှင့် အကြမ်းဖက်သမားများ၏ ပညာရေးကဏ္ဍနိမ့်ကျစေရေး အကြမ်းဖက်မှုများကို လုပ်ဆောင်လျက်ရှိသည့်အခြေအနေများ၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်သတင်းပို့မှုများကြောင့် ဖမ်းဆီးရရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ဘဏ္ဍာရေးနှစ်အလိုက် GDP တိုးတက်လာမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် GDP ဆက်လက်တိုးတက်စေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့မှုနှင့် လုံခြုံရေးအရ ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်မည့်အခြေအနေများ၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCAလက်မှတ်ရေးထိုးထားခြင်းမရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည့်အခြေအနေများ၊ မဲစာရင်းမှန်ကန်တိကျမှုရှိစေရေးအတွက် အဓိကကျသည့် သန်းခေါင်စာရင်းကောက်ယူရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် အကြမ်းဖက်သမားများ၏ နှောင့်ယှက်တိုက်ခိုက်မှုကြောင့် နှောင့်နှေးမှုများ ဖြစ်ပေါ်နေရသည့်အခြေအနေများ၊ မိုခါမုန်တိုင်းဝင်ရောက်တိုက်ခတ်ခြင်းမပြုမီတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာအခင်းအကျင်းများ၊ ရွေးကောက်ပွဲကျင်းပရေးနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တင်ပြခဲ့သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ယာယီသမ္မတအပါအဝင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်အားလုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF တို့က အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာများကို အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ခြင်း၊ နိုင်ငံ၏ ပညာရေးနိမ့်ပါးကျဆင်းစေရန် ဘက်ပေါင်းစုံမှလုပ်ဆောင်ခြင်း၊ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတား၊ မီးရထားလမ်းများကို ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း ဆွေးနွေးခဲ့ကြသည်။ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ပျက်ပြားစေရုံသာမကဘဲ ပြည်သူလူထုကို အကြောက်တရားဖြင့်လွှမ်းမိုးကာ နိုင်ငံတော်၏အာဏာကို အကြမ်းဖက်မှုနည်းလမ်းများဖြင့်ရယူရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် အခြေအနေရှိနေဆဲဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ၎င်းအပြင် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏ ပြင်ဆင်ချိန်၊ စည်းရုံးချိန်များတွင် လုံခြုံရေးအရခြိမ်းခြောက်မှုများ တွေ့ကြုံနေရခြင်း၊ မဲစာရင်းများမှန်ကန်တိကျမှုရှိစေရေးအတွက် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် လွတ်လပ်၍တရားမျှတပြီး အကြောက်တရားကင်းစွာဖြင့် မဲပေးနိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ဆဲဖြစ်ခြင်းတို့ကြောင့် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေး ခဲ့ကြသည်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းတာဝန်များပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရလည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားထုတ်ပြန်ချက်အရလည်းကောင်း နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ နောက်ထပ် (၆)လ သက်တမ်းတိုးမြှင့်လိုက်သည်။

၃။ အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ခဲ့ကြကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ပုံ

မြင့်ဆွေ

ယာယီသမ္မတ

☆ **ပြည်ထောင်စုသမ္မတမှ**

ခြောက်လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ထပ်မံသက်တမ်းတိုးထားသည့်ကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်စေရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို လတ်တလော အခြေအနေများနှင့် ကိုက်ညီသည့်လုပ်ငန်းစဉ်၊ ဦးတည်ချက်များအဖြစ် ပြင်ဆင်ချမှတ်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခင်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် **နိုင်ငံရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်သည့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို** အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း။

**အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ရှိနေဆဲပင်ဖြစ်**

ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ပထမဆုံးအချက်ကို **"ပြည်သူတို့၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်"** ဟု ချမှတ်ထားပါကြောင်း၊ လက်ရှိကာလတွင် CRPH ၊ NUG နှင့် PDF အပါအဝင် အချို့ EAO အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် အကြမ်းဖက်တိုက်ခိုက်မှုမျိုးစုံကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း လိုအပ်သည့်စစ်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ပြီး အခြားနယ်မြေများတွင်လည်း နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရရှိစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ **ယခင်ကထက် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းလာသည်ဆိုသော်လည်း NUG အမည်ခံ အကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်လှုံ့ဆော်မှု၊**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)ကျင်းပစဉ်။

**အချို့သောအကြမ်းဖက်မှုအားပေး ပြည်ပဝင်ရောက်စွက်ဖက်မှု၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် အချို့သော EAO များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် အကြမ်းဖက်တိုက်ခိုက်ခံရမှုများ ရှိနေဆဲပင်ဖြစ်**ပါကြောင်း၊ အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုများကြောင့် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၃၀ ရက်အထိ ရဟန်းသံဃာနှင့် သီလရှင် လေးပါး၊ အပြစ်မဲ့ပြည်သူများသေဆုံးမှု ၇၇၂ ဦးနှင့် နိုင်ငံ့ဝန်ထမ်း ၂၈ ဦး သေဆုံးခဲ့ရပါကြောင်း၊ ထို့ပြင် အကြမ်းဖက်ဖျက်ဆီးမှုများကြောင့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံ တစ်လုံး၊ ဘာသာရေးဆိုင်ရာအဆောက်အအုံ ၁၁ လုံး၊ လူနေအဆောက်အအုံ ၇၆ လုံး၊ လမ်း၊ တံတားနှင့် တိုးဂိတ်အဆောက်အအုံ စုစုပေါင်း ၉၄ ခု၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးတာဝါတိုင် ၂၆ ခု အပါအဝင် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရည်မြင့်မားရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပညာရည်မြင့်မားမှုရှိနေရန်အတွက် အလွန်အရေးကြီးပြီး ပညာရည်ပြည့်ဝနေစေရန် အတန်းပညာတတ်မြောက်ရန်၊ တတ်မြောက်ထားသည့် အတန်းပညာနှင့်အညီ အတတ်ပညာတတ်မြောက်ရန်၊ အသိပညာမြင့်မားစေရန်တို့ကို ရည်ရွယ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် မြန်မာနိုင်ငံ၏ပညာရေး နိမ့်ပါးကျဆင်းလာစေရန် ဦးတည်လုပ်ဆောင်လျက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ အကြမ်းဖက်သမားများ၏ ပညာရေးကဏ္ဍအပေါ် အကြမ်းဖက်လုပ်ဆောင်ခဲ့မှု အချို့ကိုလည်း ထည့်သွင်းဆွေးနွေးလိုပါကြောင်း။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ချိန်တွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းမတက်စေရေး ခြိမ်းခြောက်စာများကပ်ခြင်း၊ အွန်လိုင်းမှခြိမ်းခြောက်ခြင်း၊ တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို ကိုယ်ထိလက်ရောက် ခြိမ်းခြောက်အနိုင်ကျင့်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်း စသည်များကို ပြုလုပ်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် ဇူလိုင်လ လဆန်းပိုင်းတွင် ချင်းပြည်နယ် ပလက်ဝမြို့နယ် အတွင်း၌ရှိသည့် ကျေးရွာခြောက်ရွာမှ အခြေခံပညာကျောင်းအသီးသီးတွင် တက်ရောက်သင်ကြားနေသည့် ကျောင်းသား ၂၁ ဦးနှင့် ကျောင်းသူ ၁၀ ဦး စုစုပေါင်း ၃၁ ဦးကို PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားသည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် စခန်းကြီးရွာ၌ ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ရိုက်နှက်ခြင်း၊ ခြိမ်းခြောက်ခြင်း ဆောင်ရွက်ခဲ့သည့်အတွက် ကျောင်းသား၊ ကျောင်းသူ ၆၂ ဦး ထွက်ပြေးခဲ့ပါကြောင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် အသက်(၁၁)နှစ်အရွယ် ကလေးငယ်တစ်ဦး၊ ဆရာ၊ ဆရာမ ငါးဦးတို့ကို အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါကြောင်း။

**စာမျက်နှာ ၄ သို့** ☆

☆ စာမျက်နှာ ၃ မှ

ထို့ပြင် အကြမ်းဖက်သမားများသည် စာသင်ကျောင်းများကို အဝေးမှ လက်နက်ကြီး၊ လက်နက်ငယ်များနှင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb ဖြင့် တိုက်ခိုက်ခြင်း စသည်များကိုလည်း ကျူးလွန်လျက်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် သုနန္ဒာရာမဘုန်းတော်ကြီးကျောင်းအတွင်း အတန်းဆိုးစာမေးပွဲ ဖြေကြားနေသည့် ကျောင်းသား၊ ကျောင်းသူများကို အကြမ်းဖက်သမားများက ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် ပညာသင်ကြားနေသည့် ကိုရင်(၁)ပါးနှင့် ကျောင်းသား(၂)ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အရာတော်)တွင် စာမေးပွဲဖြေဆိုပြီးပြန်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မော်တော်ယာဉ်ကို အကြမ်းဖက်သမားများက မိုင်းခွဲတိုက်ခိုက်ခဲ့သည့်အတွက် အပြစ်မဲ့ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ပြီး ကျောင်းသူတစ်ဦး သေဆုံးခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါကြောင်း၊ ဖြစ်စဉ်များကိုကြည့်ပါက လက်နက်ကိုင်အကြမ်းဖက်မှုကို ကျူးလွန်ရုံသာမက ကျောင်းနေအရွယ်ကလေးများ၏ ပညာသင်ယူခွင့်ကိုသာမကဘဲ နိုင်ငံတော်၏ ပညာရည်နိမ့်ပါးကျဆင်းလာအောင် ရည်ရွယ်လုပ်ဆောင်မှုများကို မြင်တွေ့နိုင်မည်ပင်ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစပြီး ဇူလိုင် ၃၀ ရက်အထိ အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှုများကြောင့် ပညာရေးဝန်ထမ်း နှစ်ဦး အသက်ဆုံးရှုံးခဲ့ရပြီး အဆောက်အအုံ ကိုးလုံး ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း။

## ဖောက်ခွဲဖျက်ဆီးမှု စုစုပေါင်း ၉၄ ကြိမ် လုပ်ဆောင်ခဲ့

အကြမ်းဖက်သမားများ၏ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများကို အကြမ်းဖက်တိုက်ခိုက်ခဲ့မှုများကိုလည်း ထည့်သွင်းဆွေးနွေးလိုပါကြောင်း၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ရန်ကုန်-နေပြည်တော်-လွိုင်ကော် ခရီးစဉ်ပြေးဆွဲနေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)မှ ခရီးသည်တင်လေယာဉ်ကို လွိုင်ကော်လေဆိပ်အဆင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇွန် ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ပဲနွယ်ကုန်း-နတ်သံကွင်း-ကျောက်ကြီး ကားလမ်းပေါ်တွင် တည်ဆောက်ထားသည့် စစ်တောင်းမြစ်ကူးတံတား (နတ်သံကွင်း)ကို မိုင်းထောင်ဖောက်ခွဲခဲ့ပါကြောင်း၊ ထို့ပြင် ဇွန် ၂၉ ရက်တွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံအိတ်တံတားကို ဖောက်ခွဲဖျက်ဆီးခဲ့ပါကြောင်း၊ ဖြစ်စဉ်ကို သွားရောက်စစ်ဆေးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများကို ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်း၊ တံတားပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်သားများကို ပစ်ခတ်တိုက်ခိုက်ခြင်း စသည်များကို လုပ်ဆောင်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့၊ ဝန်ထမ်းအချို့နှင့် အပြစ်မဲ့ ပြည်သူများ သေကျေဒဏ်ရာရရှိမှုဖြစ်စဉ်များလည်း ဖြစ်ပွားခဲ့ပါကြောင်း၊ ထို့ပြင် ဇူလိုင် ၁၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျောက်တံခါးဘူတာနှင့် ပဲနွယ်ကုန်းဘူတာအကြား မိုင်တိုင်အမှတ်(၁၀၉/၂၀ -၂၁)အနီးရှိ ရထားသံလမ်းကို ဖျက်ဆီးမှုများ လုပ်ဆောင်ခဲ့သည့်အတွက် ရထားခရီးစဉ်များကို ဖျက်သိမ်းပြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ဘူတာနှင့် စဉ့်ကိုင်ဘူတာကြား ရထားလမ်းပိုင်းပေါ်ရှိ ရထားသံလမ်းဆက်ပြားများနှင့် သံလမ်းဆက်မူလီများကို အကြမ်းဖက်အဖျက်သမားများက ဖြုတ်ယူဖျက်ဆီးခဲ့ခြင်းကြောင့် ရထားလမ်းချော်မှုဖြစ်ပွားခဲ့ပါကြောင်း၊ ခရီးသွားပြည်သူလူထု အသက်ဆုံးရှုံးထိခိုက်ဒဏ်ရာရရှိစေရေး အသိဉာဏ်မဲ့စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ မတ် ၉ ရက်တွင် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာအနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို PDF အမည်ခံအကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့မှု တစ်ကြိမ်၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်တွင် သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်အနီးရှိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့မှု တစ်ကြိမ် ဖြစ်ပွားခဲ့ပါကြောင်း၊ အကြမ်းဖက်သမားများသည် အများပြည်သူ၏ ကူးသန်းရောင်းဝယ်မှုနှင့် နေ့စဉ်လူမှုဘဝအတွက် အသုံးပြုနေရသည့် လမ်းတံတားများနှင့် ရထားလမ်း ဖောက်ခွဲဖျက်ဆီးမှု စုစုပေါင်း ၉၄ ကြိမ် လုပ်ဆောင်ခဲ့ပါကြောင်း၊ ထိုသို့လုပ်ဆောင်မှုများသည် အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ခြင်းမဟုတ်ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို တိုက်ရိုက်တိုက်ခိုက်ခြင်းဖြစ်ပြီး ပြည်သူတစ်ရပ်လုံးအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်းပင် ဖြစ်ပါကြောင်း၊ **အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူလူထုအနေဖြင့် စိုးရိမ်ထိတ်လန့်ပူပန်မှုများ၊ ရွံရှာစက်ဆုပ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး** မိမိတို့၏ လူမှုစီးပွားဘဝထိခိုက်လာမှုကို မလိုလားသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်

**❖ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူလူထုအနေဖြင့် စိုးရိမ်ထိတ်လန့်ပူပန်မှုများ၊ ရွံရှာစက်ဆုပ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး မိမိတို့၏ လူမှုစီးပွားဘဝထိခိုက်လာမှုကို မလိုလားသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး လျှို့ဝှက်စွာပူးပေါင်း၊ သတင်းပေးပို့မှုများကြောင့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရရှိမှု ပိုမိုများပြားလာပြီး လက်လုပ်သေနတ်များအပါအဝင် လက်နက်မျိုးစုံ ၁,၀၈၈ လက်၊ ကျည်မျိုးစုံ ၇၇,၅၇၉ တောင့်၊ ခဲယမ်းမျိုးစုံ ၂,၆၆၀ လုံး သိမ်းဆည်းရမိခဲ့**

**❖ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့အထိ လက်နက်မျိုးစုံ ၁၈,၇၉၂ လက်၊ ကျည်မျိုးစုံ ၁,၄၂၃,၂၂၄ တောင့်၊ ခဲယမ်းမျိုးစုံ ၄၅,၈၆၅ လုံး သိမ်းဆည်းရမိခဲ့**

ပူးပေါင်းပြီး လျှို့ဝှက်စွာပူးပေါင်း၊ သတင်းပေးပို့မှုများကြောင့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးရရှိမှု ပိုမိုများပြားလာပြီး လက်လုပ်သေနတ်များအပါအဝင် လက်နက်မျိုးစုံ ၁,၀၈၈ လက်၊ ကျည်မျိုးစုံ ၇၇,၅၇၉ တောင့်၊ ခဲယမ်းမျိုးစုံ ၂,၆၆၀ လုံး သိမ်းဆည်းရမိခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့အထိ လက်နက်မျိုးစုံ ၁၈,၇၉၂ လက်၊ ကျည်မျိုးစုံ ၁,၄၂၃,၂၂၄ တောင့်၊ ခဲယမ်းမျိုးစုံ ၄၅,၈၆၅ လုံး သိမ်းဆည်းရမိခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံမှုကို ပြည်ထောင်စုတစ်ဝန်းလုံး ရရှိခံစားနိုင်စေရန်၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ဟန်ချက်ညီရရှိနိုင်စေရန်အတွက် လိုအပ်သည့် နယ်မြေများအလိုက် စစ်ဆင်ရေးနယ်မြေများ သတ်မှတ်ခြင်း၊ စစ်အုပ်ချုပ်ရေးနယ်မြေများ ကြေညာခြင်းစသည်များကို တည်ဆဲတရားဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ **မိမိတင်ပြခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများသေကျေမှုသည် ပြည်သူကို အညှာအတာကင်းမဲ့စွာ၊ လူသားမပီသစွာ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် သတ်ဖြတ်ခြင်းဖြစ်သကဲ့သို့ ဖျက်ဆီးမှုများသည်လည်း တိုင်းပြည်၏ ဖွံ့ဖြိုးမှုနှင့် လူမှုစီးပွား ပျက်စီးအောင် ဆောင်ရွက်မှုများဖြစ်သဖြင့် ဆုံးရှုံးမှုသာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထပ်ဆင့်ကုန်ကြမှုများ ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ဆိုးရွားသော တိုင်းပြည်ဖျက်လုပ်ငန်းများဖြစ်သည့်အတွက် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ကြရန်လည်းလိုပါကြောင်း၊** လိုအပ်သည့် စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးကိစ္စများကို ထိထိရောက်ရောက်ဆက်လက်လုပ်ဆောင်ပြီး ရှေ့လုပ်ငန်းစဉ်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်သွားရဦးမည်ဖြစ်ပါကြောင်း။

ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် ဒုတိယအချက်ဖြစ်သည့် **"တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်"** ဆိုသည့်အချက်နှင့် ပတ်သက်ပြီး ဆောင်ရွက်ချက်များကို ဆက်လက်ဆွေးနွေးလိုပါကြောင်း၊ နိုင်ငံတစ်ခုတွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့၏ အခြေခံအကျဆုံးအချက်မှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်ပင် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်ပမှတင်သွင်းမှုများကို အတတ်နိုင်ဆုံးလျှော့ချပြီး ပြည်တွင်း ထုတ်လုပ်မှုလုပ်ငန်းများ စွမ်းအားပြည့် လည်ပတ်နိုင်ရန် အရေးကြီးပါကြောင်း၊ ထုတ်ကုန်နှင့်ပတ်သက်ပြီး စိုက်ပျိုးရေးထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များကို သမားရိုးကျပုံစံမှ ခေတ်မီနည်းစနစ်များနှင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအလိုက် သွင်းအားစုများကို ထိထိရောက်ရောက် အသုံးပြုပြီး ဒေသအလိုက် အလားအလာကောင်းသည့် သီးနှံများ စိုက်ပျိုးနိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးနှင့် အရည်အသွေးကောင်းမွန်ရေးတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတိုးတက်မှ ပြည်တွင်းစားရေရိက္ခာ လိုအပ်ချက်များကို ဖူလုံအောင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုမှ တိုင်းပြည်သာယာဝပြောမှုအထိ ဖြစ်တည်လာမည် ဖြစ်ပါကြောင်း။

## MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန် လိုအပ်

မိမိတို့အစိုးရအနေဖြင့် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်ခုတွင် စီးပွားရေးမောင်းနှင်အား၊ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အား ကောင်းမွန်နေရန်လိုပါကြောင်း၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံရေးနှင့် ကာကွယ်ရေးစွမ်းအားများသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး အင်အားကောင်းသည့် နိုင်ငံတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ **မိမိတို့နိုင်ငံအတွက်သေချာခိုင်မာသည့် စီးပွားရေးလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ပါကြောင်း၊ အဆိုပါစိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အခြေခံသည့် MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အဆိုပါ စီးပွားရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးအတွက် အကျိုးဝင်သည့်လုပ်ငန်းများဖြစ်သဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျပြီး အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းနိုင်သည့်အတွက် အားပေးမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်**ပါကြောင်း၊ ထို့ကြောင့် မိမိအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ဒေသ ၂၆ ခုတွင်ရှိသည့် MSME လုပ်ငန်းရှင်များနှင့် ၂၆ ကြိမ်တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး တင်ပြချက် ၂၃၀ ကျော်ကိုလည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်ကို ထည့်သွင်းပြောကြားလိုပါကြောင်း။

## နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရန်

မိမိတို့ အစိုးရအနေဖြင့် လယ်ယာစီးပွားမြှင့်တင်ရေးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ စီးပွားရေးမြှင့်တင်ရေးဆိုပြီး နှစ်မျိုးခွဲမြှင့်တင်ရန် စဉ်းစားဆောင်ရွက်ခဲ့ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်ဘီလီယံ ၄၀၀ ကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်နိုင်ရန် စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင်အနာဂတ် MSME လုပ်ငန်းများတွင် ပိုမိုတိုးတက်လာစေရန်အတွက် ရည်ရွယ်ပြီး၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ခရိုင် ၅၀ ၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်းကို ဖွင့်လှစ်ပေးပြီးဖြစ်သကဲ့သို့ လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျန်ခရိုင် ၇၅ ခုတွင် ကျောင်းများ ဆက်လက်ဖွင့်လှစ်သွားရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် စီးပွားရေးအရ ဘက်စုံတိုးတက်မှုများ ရရှိလာစေရေးအတွက် ဦးတည်ချက်၊ ရည်မှန်းချက်များကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကျဆင်းခဲ့သည့် စီးပွားရေးအခြေအနေမှ ရုန်းထွက်လာနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ **၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် GDP တိုးတက်မှု ၃ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် GDP ၄ ရာခိုင်နှုန်းခန့်အထိ တိုးတက်မည်ဟု မျှော်မှန်းဆောင်ရွက်လျက်**ရှိပါကြောင်း၊ မျှော်မှန်းထားသည့်အတိုင်း ဘဏ္ဍာရေးတိုးတက်မှုရှိစေရန်အတွက် မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

## ဥပဒေနှင့်အညီ ကာကွယ်တားဆီး သွားရမည်

ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် တတိယအချက်ဖြစ်သည့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်"** ဆိုသည့်အချက်နှင့်ပတ်သက်ပြီး ဆောင်ရွက်မှုများကို ပြောကြားလိုပါကြောင်း၊ မိမိတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးတည်လျှောက်လှမ်းနေခြင်း ဖြစ်ပြီး တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီစနစ်တို့ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသော မည်သည့်အပြုအမူမျိုးကိုမဆို ဥပဒေနှင့်အညီ ကာကွယ်တားဆီးသွားရမည်ပင် ဖြစ်ပါကြောင်း။

ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ **မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်သွားရမည်ဖြစ်**ခြင်းကြောင့် လွှတ်တော်လမ်းကြောင်းကို မဖြစ်မနေသွားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံရေးပါတီများ ပြင်ဆင်ဖွဲ့စည်းရန် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းစေရေး ပြည်သူလူထုနှင့် ဒေသကို ကိုယ်စားပြုသည့်၊ ခိုင်မာသည့် နိုင်ငံရေးပါတီများ ပေါ်ထွန်းလာစေရေးအတွက် **စာမျက်နှာ ၅ သို့ ☆**

☆ **ရွေးကောက်ပွဲအတွက် အဓိကအကျဆုံးဖြစ်သည့် ဆန္ဒမဲပေးနိုင်သည့် လူဦးရေစာရင်း ထုတ်ပြန်ရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၃၈,၂၇၁,၄၄၇ ဦး(၃၈ ဒသမ ၂ သန်းကျော်)ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းအရ ၃၁,၇၇၅,၃၃၀ ဦး(၃၁ ဒသမ ၇သန်းကျော်)ဖြစ်**

☆ **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်သည့်စာရင်းအရ ၃၅,၄၇၆,၈၃၃ ဦး(၃၅ ဒသမ ၄သန်းကျော်) ဖြစ်သည့်အတွက် ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်သည့်စာရင်းသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သည့်စာရင်းထက် ၆ ဒသမ ၅ သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်သည့် စာရင်းထက် ၂ ဒသမ ၈ သန်း စသည်ဖြင့် မဲစာရင်းကို ရည်ရွယ်ချက်ရှိရှိ စာရင်းပိုပြထား**

☆ **စာမျက်နှာ ၄ မှ**

ပြဋ္ဌာန်းပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခင်တည်ဆဲ နိုင်ငံရေးပါတီ ၉၀ အနက်မှ ပါတီဆက်လက် တည်ထောင် မှတ်ပုံတင်ခွင့်ကို ပါတီ ၅၀ က လာရောက် လျှောက်ထားခဲ့ပြီး ကျန်ပါတီ ၄၀ မှာ သတ်မှတ်ကာလအတွင်း လာရောက်လျှောက်ထားခြင်းမရှိပါကြောင်း၊ နိုင်ငံရေးပါတီ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ ယနေ့အထိ နိုင်ငံရေးပါတီအသစ်တည်ထောင်ခွင့် လျှောက်ထားလာသည့် ပါတီ ၁၃ ပါတီ ရှိပါကြောင်း၊ ၂၇-၇-၂၀၂၃ ရက်နေ့ထိ ယခင်ပါတီဟောင်း ၅၀ အနက်မှ နိုင်ငံရေးပါတီ ၃၀ နှင့် နိုင်ငံရေးပါတီအသစ် လျှောက်ထားသည့် ၁၃ ပါတီအနက်မှ နိုင်ငံရေးပါတီ ငါးပါတီ စုစုပေါင်း ၃၅ ပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီသစ်တစ်ရပ် တည်ထောင်လိုသူများအနေဖြင့် ပါတီတည်ထောင်ခွင့်ကို နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ ဆက်လက်လျှောက်ထားနိုင်သည်ကို ပြောကြားလိုပါကြောင်း၊ တည်ဆဲဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရရှိခဲ့သည့် ပါတီများ၊ ပါတီသစ်အဖြစ် ပေါ်ထွက်လာသည့် ပါတီများမှာ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ကျန်ရှိနေသေးပါကြောင်း၊ **ပါတီဟောင်းများအနေဖြင့် ပါတီဝင်အသစ်များ ပါရှိလာသည်ရှိသကဲ့သို့ ပါတီသစ်များအနေဖြင့်လည်း ပါတီများခိုင်မာတည်တံ့ရေး အပါအဝင် ပါတီ၏မူဝါဒများကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပါတီဝင်များရရှိရေး၊ ထောက်ခံမှု တိုးတက်လာစေရေး စသည်များအတွက် စည်းရုံးလှုံ့ဆော်ခြင်းများကို ဆောင်ရွက်သွားရဦးမည်ဖြစ်**ပါကြောင်း၊ အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လွတ်လပ်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများ မရှိဘဲ အကြောက်တရားကင်းစွာဖြင့် စည်းရုံးရေး ဆောင်ရွက်နိုင်မှု စသည့် အခင်းအကျင်းများ ဖြစ်ပေါ်လာစေရန် မိမိတို့ အစိုးရအနေဖြင့် ဆောင်ရွက်ပေးသွားရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ အခင်းအကျင်းနှင့် ပါတီများ၏ လိုအပ်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်အတွက် အစိုးရအနေဖြင့် အချိန်ကာလတစ်ခုအထိ လိုအပ်နေဦးမည်လည်း ဖြစ်ပါကြောင်း။

စတုတ္ထလုပ်ငန်းစဉ်ဖြစ်သည့် **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်"** ဆိုသည့်အချက်နှင့်ပတ်သက်ပြီး ဆောင်ရွက်မှုများကို ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ်နှင့် လျှောက်လှမ်းနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှု ရှိရန်၊ တရားဥပဒေစိုးမိုးရန်သည် မဖြစ်မနေလိုအပ်ပါကြောင်း။

**မိမိတို့၏ဆန္ဒနှင့် လိုလားချက်များကို လက်နက်ကိုင်တောင်းဆိုနေ၍မရ**

မိမိတို့နိုင်ငံတွင်နေထိုင်သည့် တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ဆန္ဒနှင့် လိုလားချက်များကို လက်နက်ကိုင်တောင်းဆိုနေ၍မရဘဲ ဒီမိုကရေစီစံနှုန်းနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပြီး ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိပြီး လိုလားချက်များ၊ ရည်မှန်းချက်များကို လွှတ်တော်အသီးသီးတွင် ပွင့်လင်းမြင်သာစွာ ဆွေးနွေး၊ ဆုံးဖြတ်၊ အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်များကို လက်နက်ကိုင်လမ်းကြောင်းမှ နိုင်ငံရေးစင်မြင့်ပေါ် တက်ရောက်လာနိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ကို အလေးထားအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)သည် အစိုးရနှင့် EAO များအကြား၊ နိုင်ငံတကာအဖွဲ့အစည်းများအကြား ထားရှိခဲ့သည့် ကတိကဝတ်များပင်ဖြစ်ပါကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် **၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၂၇ ရက်အထိ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ ခုနစ်ဖွဲ့၊ လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့ သုံးဖွဲ့တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုပေါင်း ၂၂ ကြိမ် ပြုလုပ်ခဲ့ပြီး**ဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များအနက် လက်နက်ကိုင်အဖွဲ့ သုံးဖွဲ့သည် အကြောင်းပြချက်အချို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ဆွေးနွေးမှု မရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၎င်းအဖွဲ့များအနေဖြင့် တိုင်းပြည်၏ တည်ငြိမ်အေးချမ်းရေးကို အချိန်မရွေး နှောင့်ယှက်ဖျက်ဆီးမှုများ ဆောင်ရွက်လာနိုင်သည်ကိုလည်း သတိပြုမိစေလိုပါကြောင်း၊ ယခုလည်း ၎င်းအဖွဲ့များသည် အကြမ်းဖက်တိုက်ခိုက်မှုများ ဆောင်ရွက်နေကြပါကြောင်း။

**ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားရမည်**

ငြိမ်းချမ်းရေးဆွေးနွေးမှုတိုင်းတွင် တက်ရောက်ဆွေးနွေးခဲ့သည့် အဖွဲ့တိုင်း၏ လိုလားချက်၊ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကိုလည်း စနစ်တကျစုစည်းထားရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်မပျက် ဆောင်ရွက်နိုင်ရန်စီစဉ်ထားရှိပါကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်နှင့် ဆွေးနွေးဆောင်ရွက်သွားရမည့် ကိစ္စရပ်များလည်း အများအပြားကျန်ရှိနေပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် **မြန်မာနိုင်ငံ ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်ဆန္ဒရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် အစဉ်အမြဲတံခါးဖွင့်ထား**ပါကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း။

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် နောက်ဆုံးအချက်ကို **"အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"**ဟု ချမှတ်ထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးသည့် ကာလကစပြီး အထွေထွေရွေးကောက်ပွဲ (၃)ကြိမ်ကို ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံအတွင်း မြို့နယ်ပေါင်း **၃၃၀** ရှိပြီး ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် **၃၂၅** မြို့နယ်၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် **၃၂၃** မြို့နယ်ကို ရွေးကောက်ပွဲ ကျင်းပဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတို့တွင် အငြင်းပွားမှုအနည်းငယ်မျှသာ ဖြစ်ပေါ်ခဲ့ပြီး ၎င်းကာလများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်များအနေဖြင့် ကျေလည်အောင် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသည့် မြို့နယ် ၃၁၅ မြို့နယ်၌ မဲရုံပေါင်း ၃၉,၉၆၃ ရုံဖွင့်လှစ်ပြီး ပြုလုပ်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်သည့် မြို့နယ်များ ကျဆင်းလာပြီး ပြည်သူ့ဆန္ဒဖော်ထုတ်နိုင်မှု လျော့နည်းသွားသည်ကို သတိပြုဖွယ်တွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ ၎င်းကာလတွင်တာဝန်ယူထားသည့် အစိုးရအနေဖြင့် လုံခြုံရေးဆိုင်ရာအကြောင်းပြချက်ဖြင့် မြို့နယ် ၁၅ မြို့နယ်တွင် ရွေးကောက်ပွဲကျင်းပနိုင်မှုမရှိကြောင်း ကြေညာခဲ့သည့်အပေါ် အဆိုပါဒေသများတွင်ရှိသည့် တိုင်းရင်းသားပါတီများမှ ဝေဖန်ထောက်ပြမှုများ အများအပြားဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲအတွက် အဓိကအကျဆုံးဖြစ်သည့် ဆန္ဒမဲပေးနိုင်သည့် လူဦးရေစာရင်း ထုတ်ပြန်ရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၃၈,၂၇၁,၄၄၇ ဦး(၃၈ ဒသမ ၂ သန်းကျော်)ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းအရ ၃၁,၇၇၅,၃၃၀ ဦး (၃၁ ဒသမ ၇သန်းကျော်)ဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်သည့် စာရင်းအရ ၃၅,၄၇၆,၈၃၃ ဦး(၃၅ ဒသမ ၄သန်းကျော်) ဖြစ်သည့်အတွက် ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်သည့်စာရင်းသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပြန်သည့် စာရင်းထက် ၆ ဒသမ ၅ သန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထုတ်ပြန်သည့် စာရင်းထက် ၂ ဒသမ ၈ သန်း စသည်ဖြင့် မဲစာရင်းကို ရည်ရွယ်ချက်ရှိရှိ စာရင်းပိုပြထားသည်ကို သတိပြုမိနိုင်ပါကြောင်း။

**မဲမသမာမှု ဖြစ်ပွားခဲ့သည့် မဲအရေအတွက် ၁၁ ဒသမ ၃ သန်းကျော်ရှိ**

ဆန္ဒမဲပေးအပ်ချိန်တွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်အရ ဆန္ဒမဲပေးခွင့်ရှိသူ ၃၈,၂၇၁,၄၄၇ ဦး (၃၈ ဒသမ ၂ သန်းကျော်)အနက် ၂၇,၅၁၂,၈၅၅ ဦး(၂၇ ဒသမ ၅ သန်းကျော်)ရာခိုင်နှုန်းအားဖြင့် ၇၁ ဒသမ ၈၉ ရာခိုင်နှုန်းက မဲပေးခဲ့ကြကြောင်းကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင် ရွေးကောက်ပွဲကော်မရှင် အသစ်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခဲ့ရာ၌ **မဲမသမာမှု ဖြစ်ပွားခဲ့သည့် မဲအရေအတွက် ၁၁ ဒသမ ၃ သန်းကျော်ရှိခဲ့ပါကြောင်း၊ ထို့ကြောင့် ခိုင်လုံသည့် မဲအရေအတွက်သည် ၁၆ ဒသမ ၂ သန်းခန့်ရှိပြီး မဲပေးပိုင်ခွင့်ရှိသူ အရေအတွက်နှင့် တွက်ကြည့်ပါက ခိုင်မာသည့်မဲသည် ၄၂ ရာခိုင်နှုန်းခန့်သာရှိသည်ဟု ယူဆနိုင်**ပါကြောင်း။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ တိုင်ကြားချက်များ၊ ထုတ်ဖော်ပြောဆိုမှုများ ဖြစ်ပေါ်ခဲ့သကဲ့သို့ တရားမျှတမှုကို လိုလားသည့်ပြည်သူများ၏ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ လည်းကောင်း၊ နိုင်ငံ၏ နိုင်ငံရေးသမိုင်းစဉ် ဖြတ်သန်းမှုအရ စိစစ်ပေးရန်၊ သတိပေးရန်၊ အသိပေးရန်လိုအပ်သည့် အဖွဲ့အစည်းသည် **တပ်မတော်**ပင်ဖြစ်သည့်အတွက် လည်းကောင်း လိုအပ်သည့်စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ စစ်ဆေးမှုများ ဆောင်ရွက်ပြီးနောက် မဲစာရင်းများအရ မဲမသမာမှုဖြစ်နိုင်သည့်စာရင်းသည် ၁၀,၄၈၂,၁၁၆ ဦး(၁၀ ဒသမ ၄ သန်းကျော်)ဖြစ်သည့်အတွက် မဲပေးပိုင်ခွင့်ရှိသူ ပမာဏ၏ လေးပုံ တစ်ပုံကျော် ဖြစ်ပေါ်ခဲ့သည်ကို အံ့သြဖွယ်ရာ တွေ့ရှိရပါကြောင်း၊ စိစစ်တွေ့ရှိသည့် အချက်အလက်များကို ဖြေရှင်းဆောင်ရွက်ပေးရန် UEC၊ တည်ဆဲအစိုးရ၊ လွှတ်တော်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တို့ကို တိုက်တွန်းဆောင်ရွက်ခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့ပါကြောင်း၊ ထိုကဲ့သို့ လုံးဝဖြေရှင်းပေးမှုမရှိခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်အာဏာကို အတင်းအဓမ္မရယူရန် လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ ယင်းနောက် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲစာရင်းများကို လိုအပ်သည့် စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အသစ်၏ မဲစာရင်းစစ်ဆေးမှုများအရ မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအရေအတွက် ၁၁,၃၀၅,၃၉၀ ဦး(၁၁ ဒသမ ၃ သန်းကျော်) ဖြစ်ပွားခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရပါကြောင်း၊ မဲမသမာမှုဖြစ်ပွားအောင် စီစဉ်ဆောင်ရွက်ခဲ့သည့် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကိုလည်း ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများအလိုက် ထိုက်သင့်သည့် အရေးယူမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကဲ့သို့ မဲမသမာမှုဖြစ်စဉ် ဖြစ်ပွားခဲ့ရခြင်း အကြောင်းအရင်းများကို ပြန်လေ့လာကြည့်ပါက နိုင်ငံတော်၏အာဏာကို မသမာသည့်နည်းလမ်းဖြင့် ရယူရန် ကြိုးစားခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သကဲ့သို့ မဲစာရင်းများ တိကျခိုင်မာမှုမရှိခြင်းကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းတိကျခိုင်မာမှုရှိရေးသည် အဓိကအချက်ပင် ဖြစ်ပါကြောင်း၊ ခိုင်မာတိကျသည့်မဲစာရင်းဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံအတွင်းတွင်ရှိသည့် ဆန္ဒမဲပေးခွင့်ရှိသူ၊ ဆန္ဒမဲပေးခွင့် မရှိသူ၊ ဆန္ဒမဲပေးအပ်နိုင်သူ၊ ဆန္ဒမဲပေးအပ်နိုင်ခြင်းမရှိသူ စသည်တို့ကို အသေးစိတ်စာရင်းရရှိနေရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် ဧပြီလတွင် နောက်ဆုံးအကြိမ် ကောက်ယူခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင်လည်း ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ကောက်ခံခဲ့ပြီး ကြားဖြတ်သန်းခေါင်စာရင်း အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါကြောင်း၊

**စာမျက်နှာ ၆ သို့ »»»**

»»» **စာမျက်နှာ ၅ မှ**

ပြည်လုံးကျွတ်သန်းခေါင်စာရင်းနှင့် ကြားဖြတ်အစီရင်ခံစာပါ စာရင်းများကို အခြေပြုသည့် မဲဆန္ဒစာရင်းကို ထုတ်ပြန်ခဲ့ပါက ယခုလောက် မဲစာရင်းကွာခြားမှုမဖြစ်နိုင်သည်ကို သုံးသပ်ရရှိပါကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းပါ အချက်အလက်များအရ မြန်မာနိုင်ငံ၏ လူဦးရေ တိုးတက်မှုနှုန်းသည် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် စာရင်းတွေအရ တစ်နှစ်လျှင် ၀.၈၈ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်စာရင်းအရ တစ်နှစ်လျှင် ၀.၈၇ ရာခိုင်နှုန်းမျှသာရှိပါကြောင်း၊ အဆိုပါ လူဦးရေတိုးတက်မှုနှုန်းထားကိုသာ အလေးထားဆောင်ရွက်ပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ခဲ့သောမဲပေးပိုင်ခွင့်ရှိသည့် အင်အားသည် ယခုအတိုင်းအတာအထိ ဖောင်းပွလာရန် မရှိသည်ကိုလည်း သုံးသပ်နိုင်မည် ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ သန်းခေါင်စာရင်းကောက်ယူမှုမရှိသေးသည်ကို အခွင့်ကောင်းယူပြီး မဲမသမာမှုလုပ်ဆောင်သွားသည်ဟုလည်း သုံးသပ်ရရှိပါကြောင်း။

**မဲစာရင်းမှန်ကန်မှု ရှိစေရေးသည်
အဓိကအကျဆုံးဖြစ်**

**မိမိတို့အစိုးရအဖွဲ့သည် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် နိုင်ငံ့တာဝန်ကိုရယူခဲ့ရသည့် အစိုးရဖြစ်သည့်အတွက် မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ပေးရမည့် ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှု ရှိစေရေးသည် အဓိကအကျဆုံးဖြစ်**ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း အကြားအလပ်မရှိသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးနှင့် မဲစာရင်း မှန်ကန်တိကျမှုရှိစေရေးကို ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် အဓိကအကျဆုံးဖြစ်သည့် မဲစာရင်းများ မှန်ကန်တိကျမှုရှိစေရေးအတွက် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်တိုင်းပြည်လုံး လွှမ်းခြုံနိုင်သည့် သန်းခေါင်စာရင်း ကောက်ယူမှုအောင်မြင်မှသာ ခိုင်မာသည့်မဲဆန္ဒရှင်စာရင်းကို ရရှိနိုင်မည်ဖြစ်သည့်အတွက် အလေးထားဆောင်ရွက်နေချိန်တွင် လက်နက်ကိုင်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု၊ ခြိမ်းခြောက်မှုများကြောင့် လုပ်ငန်းဆောင်ရွက်မှုတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်နေကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းပြီး ရွေးကောက်ပွဲအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အကြားအလပ်မရှိရွေးကောက်ပွဲကိုကျင်းပနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ပင် ဖြစ်ပါကြောင်း။

အထွေထွေအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ စစ်တွေမြို့ကို တစ်နာရီ မိုင် ၁၃၀ ကျော်ဖြင့် အလွန့်အလွန် အားကောင်းသော မိုခါဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပါကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်နိုင်သည့် အခြေအနေကို မေလ ၄ ရက်မှာ စတင်သိရှိခဲ့ပါကြောင်း၊ မေလ ၆ ရက်နေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အရေးပေါ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့ပြီး မုန်တိုင်းနှင့်ပတ်သက်သည့် အချက်အလက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်အလက်များကို နိုင်ငံတော်ပိုင်မီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခဲ့ပါကြောင်း၊ မိုခါမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်ချိန်တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်ကို ဘေးအန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားသည့် အနီရောင်အဆင့် ဒေသများအဖြစ် ၂၀၂၃ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ကြိုတင်ကြေညာစေခဲ့ပါကြောင်း၊ မိုးလေဝသဆိုင်ရာ ကြိုတင်သတိပေးရေးလုပ်ငန်းစဉ်အရ မုန်တိုင်းမဝင်မီ ၁၂ နာရီအလိုတွင် ထုတ်ပြန်လေ့ရှိသော်လည်း မိမိအနေဖြင့် မုန်တိုင်းမဝင်မီ တစ်ရက်ကျော်ကတည်းက ကြိုတင်ကြေညာစေခဲ့သည့်အပြင် မုန်တိုင်းတိုက်ခတ်နိုင်သည့် ဒေသအသီးသီးမှ ပြည်သူများကိုလည်း အချိန်မီရွှေ့ပြောင်းပေးနိုင်ခဲ့ပါကြောင်း၊ **ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု ကောင်းမွန်ခဲ့သည့်အတွက် မုန်တိုင်းကြောင့် သေဆုံးရသည့် အရေအတွက် နည်းပါးခဲ့ပြီး တိုက်ခတ်ခဲ့သည့် မုန်တိုင်း၏အရှိန်နှင့် နှိုင်းယှဉ်ပါက မိမိတို့၏ ပြည်သူလူထုအပေါ် အလေးထားဆောင်ရွက်ပေးနိုင်ခဲ့မှုကို သုံးသပ်နိုင်မည်ပင်ဖြစ်**ပါကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီးနောက် ရခိုင်ပြည်နယ်မြောက်ပိုင်း ခုနစ်မြို့နယ်နှင့် ချင်းပြည်နယ်မှ နှစ်မြို့နယ်တို့သည် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

**ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို
ဆောင်ရွက်လျက်ရှိ**

မိမိအပါအဝင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ တပ်မတော်အကြီးအကဲများဟာ မုန်တိုင်းဒဏ်သင့်ဒေသများသို့ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဆောင်ရွက်ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူများနှင့် တပ်မတော်မှအရာရှိကြီးများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အနီးကပ်ကြီးကြပ်နိုင်ရေး တာဝန်ပေးအပ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံပညာကျောင်းများကို အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ စားနပ်ရိက္ခာပြတ်လပ်မှုမရှိရေး၊ ဆက်သွယ်ရေးစနစ်နှင့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေး အပါအဝင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အရှိန်အဟုန်နှင့် ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

နိုင်ငံတကာ၏ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ပေးပို့လှူဒါန်းမှုကို သဘောတူခွင့်ပြုမှု၊ စနစ်တကျရှိမှုတို့အတွက် On-Site Operation Coordination Centre ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အပြည့်အဝ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ပြည်ပနိုင်ငံများမှ အစိုးရများ၊ အရေးပေါ်တုံ့ပြန်မှုနှင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့(ERAT)၏ သတင်းထုတ်ပြန်ရေးအဖွဲ့၊ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(UNOHCHR)အဖွဲ့အစည်းများ၊ AHA Centre၊ ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် စေတနာရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းမှု၊ အလှူငွေများလှူဒါန်းမှု၊ မြန်မာနိုင်ငံအတွင်းသို့ လာရောက်သတင်းရယူမည့် ခရီးစဉ်များကို ခွင့်ပြုပေးခဲ့ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများကို မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် နည်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

☆ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကိုချမှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဦးတည်ချက်(၁၂)ရပ်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

☆ **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်တွင် ဆန္ဒမဲပေးရွေးချယ်ခြင်းသည် အဓိကအကျဆုံးကဏ္ဍဖြစ်ပါကြောင်း၊ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီက ခြိမ်းခြောက်ခံရမှု၊ စိုးရွံ့မှု၊ အနှောင်အဖွဲ့ရှိမှု အစရှိသည့် အဂတိတရားများ ကင်းကင်းရှင်းရှင်းဖြင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း စသည့်အချက်များ ပြည့်ပြည့်စုံစုံဖြင့် မဲပေးနိုင်ရေးသည်လည်း အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်**

☆ **လက်ရှိအခြေအနေတွင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG၊ CRPH၊ PDF အစရှိသည့် အကြမ်းဖက်သမားများအပြင်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ဖောက်ဖျက်ပြီး နိုင်ငံ၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ ရှိနေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကိုချမှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဦးတည်ချက်(၁၂)ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်တွင် ဆန္ဒမဲပေးရွေးချယ်ခြင်းသည် အဓိကအကျဆုံးကဏ္ဍဖြစ်ပါကြောင်း၊ ပြည်သူတစ်ဦး တစ်ယောက်ချင်းစီက ခြိမ်းခြောက်ခံရမှု၊ စိုးရွံ့မှု၊ အနှောင်အဖွဲ့ရှိမှု အစရှိသည့် အဂတိတရားများ ကင်းကင်းရှင်းရှင်းဖြင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း စသည့်အချက်များ ပြည့်ပြည့်စုံစုံဖြင့် မဲပေးနိုင်ရေးသည်လည်း အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်ပါကြောင်း၊ လက်ရှိအခြေအနေတွင် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် NUG၊ CRPH၊ PDF အစရှိသည့် အကြမ်းဖက်သမားများအပြင်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ဖောက်ဖျက်ပြီး နိုင်ငံ၏ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ ရှိနေပါကြောင်း၊ တင်ပြခဲ့သည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့တို့သည် စစ်ကိုင်းတိုင်းဒေသကြီး အချို့မြို့နယ်များ၊ မကွေးတိုင်းဒေသကြီး မြောက်ဘက်ခြမ်း၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း၊ တနင်္သာရီတိုင်းဒေသကြီး အချို့မြို့နယ်များ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ် စသည်တို့မှ အချို့မြို့နယ်များတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ မိုင်းထောင်တိုက်ခိုက်မှု၊ မီးရှို့ဖျက်ဆီးမှု အပါအဝင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ ဒေသခံပြည်သူလူထုများ၏ နေအိမ်အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် အဆောက်အအုံများကို အကာအကွယ်အဖြစ်ရယူပြီး တိုက်ခိုက်ခြင်း၊ အရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ် အသုံးပြုတိုက်ခိုက်ခြင်းများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့၏ ရည်မှန်းချက်များတွင် ဖော်ပြပါရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တင်ပြခဲ့သည့်ဒေသများ၌ အခက်အခဲအချို့ရှိနေနိုင်သည်ကို သတိပြုမိရန် လိုအပ်ကြောင်း တင်ပြလိုပါကြောင်း၊ ရွေးကောက်ပွဲ ဖြစ်မြောက်အောင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆောင်ရွက်ပေးသည့်တိုင် ဒေသခံမဲဆန္ဒရှင်ပြည်သူများကို လက်နက်အားကိုးဖြင့် မဲမပေးစေရေး၊ မဲပေးပါကလည်း ၎င်းတို့ လိုလားသူကိုသာ မဲပေးစေရေး၊ ဖိအားပေးအကျပ်ကိုင်မှုများ ဖြစ်ပေါ်လာပါက ရွေးကောက်ပွဲ၏ မူလဦးတည်ချက်များ ပျောက်သွားနိုင်ပါကြောင်း၊ ဒီမိုကရေစီအတွက် မဲပေးရွေးချယ်မှုသည် အာဏာရှင်နှင့် အကြမ်းဖက်အားပေးမှုများကို မဲပေးရွေးချယ်လိုက်ရသည့် ဖြစ်စဉ်မျိုး ဖြစ်ပေါ်လာနိုင်သည်ကိုလည်း သတိပြုမိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**လွှတ်တော်များ၏ အခန်းကဏ္ဍ**

လွှတ်တော်များ၏ အခန်းကဏ္ဍနှင့်ဆက်စပ်ပြီး ထပ်မံတင်ပြလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ မိမိတို့မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ဟူ၍ လွှတ်တော် ၃ ရပ်နှင့် ဖွဲ့စည်းထားရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ လွှတ်တော်အစည်းအဝေး တစ်ခု အထမြောက်ရန်ဆိုပါက လွှတ်တော်စတက်သည့် ပထမနေ့တွင် တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ထက်ဝက်ကျော်ဦးရေ တက်ရောက်ပါက အစည်းအဝေးသည် အထမြောက်ပါကြောင်း၊ ပထမနေ့ အစည်းအဝေး အထမြောက်သဖြင့် ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများတွင် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်၏ သုံးပုံတစ်ပုံ တက်ရောက်နိုင်သည်နှင့် အစည်းအဝေးသည် အထမြောက်နေပြီဖြစ်ပါကြောင်း၊ ပထမဆုံးကျင်းပမည့် လွှတ်တော်အစည်းအဝေး အထမြောက်ရန်လိုအပ်သည့် ၅၀ ရာခိုင်နှုန်းသော ကိုယ်စားလှယ်တွေအတွက် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ရှိပြီးဖြစ်ပါကြောင်း၊ ကျန် ၂၅ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်ရှိရုံမျှဖြင့် လွှတ်တော်အစည်းအဝေးကို အထမြောက်အောင် ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော် ယခုဆွေးနွေးခဲ့သကဲ့သို့ လွှတ်တော်အစည်းအဝေးကို ကျင်းပလိုက်သည်နှင့် လွှတ်တော်အစည်းအဝေး အထမြောက်အောင် တပ်မတော်က အတင်းလုပ်ယူသည်ဟူသည့် ပုံရိပ်တစ်ခုကို သတ်မှတ်သွားနိုင်သည့် အနေအထားရှိပါကြောင်း၊ အလားတူသက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် သမ္မတ၊ ဒုသမ္မတ စသည်တို့ ရွေးချယ်သည့် အခါတွင်လည်း အထက်တွင် မိမိပြောခဲ့သကဲ့သို့ ဆောင်ရွက်နိုင်သော်လည်း ပုံရိပ်အရ မသင့်တော်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ရွေးကောက်ပွဲသည် အထွေထွေရွေးကောက်ပွဲဖြစ်သည်နှင့်အညီ ပြည်သူများက ၎င်းတို့ဆန္ဒဖြင့်ရွေးချယ်သည့် ရွေးကောက်ခံကိုယ်စားလှယ်များ ပါဝင်နေရန်လိုပါကြောင်း၊ အနည်းဆုံး ၇၅ ရာခိုင်နှုန်းခန့်အထိ ကိုယ်စားလှယ်များ ရွေးချယ်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲတွင် ၁၀၀ ရာခိုင်နှုန်း အောင်မြင်ရန်ဆိုသည်မှာ ခက်ခဲမည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ **ပြည်သူများရွေးချယ်သည့် ကိုယ်စားလှယ်များ များများပါဝင်နိုင်ရေး၊ ၎င်းတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်ကို မဲပေးရွေးချယ်နိုင်ရေး ကိုယ်စားလှယ်များသည် မဲဆန္ဒနယ်အလိုက် ပြည်သူများဆီ ကွင်းဆင်းမဲဆွယ်စည်းရုံးနိုင်ရန် လိုအပ်**ပါကြောင်း၊ မြန်မာနိုင်ငံ၏လူဦးရေ ၃၀ ရာခိုင်နှုန်းခန့်သည် မြို့နေဖြစ်ပြီး၊ ကျန် ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြပါကြောင်း၊ မိမိအထက်တွင်တင်ပြခဲ့သည့် ဒေသများမှ မြို့ပေါ်နေပြည်သူလူထုအနေဖြင့် အေးချမ်းစွာ နေထိုင်နိုင်ပြီး ကျေးလက်များတွင်မူ ခြိမ်းခြောက်မှုများရှိနေဆဲဖြစ်ပါကြောင်း၊ လွတ်လပ်စွာ မဲဆွယ်စည်းရုံးနိုင်မှု၊ လွတ်လပ်စွာမဲပေးနိုင်မှုများအတွက် အခက်အခဲများ ရှိလာမည်ဖြစ်ကြောင်း၊ နောက်ဆက်တွဲအနေဖြင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှု၊ လိုလားမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည် မဟုတ်တော့သည်ကို သတိပြုမိရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းစေရေး လုံခြုံရေးအားကောင်းအောင် တည်ဆောက်ရန် လိုအပ်လျက်ရှိပါသေးကြောင်း။

**စာမျက်နှာ ၇ သို့** »»»

»»» **စာမျက်နှာ ၆ မှ**

မြန်မာနိုင်ငံ၏ တည်ဆဲလွှတ်တော်ဥပဒေများတွင်လည်း မဲဆန္ဒရှင်ပြည်သူလူထု ဘယ်နှရာခိုင်နှုန်းက မဲပေးမှ အထမြောက်မည်ဟု သတ်မှတ်ထားခြင်းမျိုး မရှိပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွက် ရွေးကောက်ပွဲကို ဥပမာထားတင်ပြရမည်ဆိုပါက မဲပေးပိုင်ခွင့်ရှိသူများ၏ ပျမ်းမျှ ၁၄ ရာခိုင်နှုန်းကသာ မဲပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းပျမ်းမျှ ၁၄ ရာခိုင်နှုန်းပေါ်၌ အနိုင်အရှုံးကို တွက်ချက်သွားသည်ဖြစ်သည့်အတွက် ပြည်သူကိုကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်များ ဖြစ်၊ မဖြစ်ကို သုံးသပ်တွေ့ရှိနိုင်ပါကြောင်း၊ ပြည်သူလူထုကို ကိုယ်စားပြုမှုအားနည်းခဲ့သည့်အတွက် နောက်ပိုင်းတွင် ပြဿနာများ ဖြစ်ပွားလာသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**ရွေးကောက်ပွဲကို အလေ့တကြီး ဆောလျင်စွာဆောင်ရွက်၍မရ**

**မဲဆန္ဒရှင်ပြည်သူအားလုံးကို အေးချမ်းလုံခြုံစွာ မဲပေးနိုင်ခွင့်ရှိရေး ဆောင်ရွက်ပေးရမည်မှာ အစိုးရတာဝန်ဖြစ်သကဲ့သို့ မဲပေးခြင်း၊ မဲမပေးကြခြင်းမှာ ပြည်သူတစ်ဦး တစ်ယောက်ချင်း၏ ဒီမိုကရေစီ အခွင့်အရေးပင်ဖြစ်**ပါကြောင်း၊ မဲမသမာမှုဖြစ်စဉ်များဖြစ်ပွားခဲ့သည့်အတွက် မိမိတို့အစိုးရအဖွဲ့ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး **မိမိတို့အစိုးရက တာဝန်ယူကျင်းပရသည့် ရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးသည့် အဆုံးအဖြတ်ပေးမည့်ကိစ္စ ဖြစ်**ပါကြောင်း၊ ထို့ကြောင့် မိမိတို့လက်ထက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်စဉ်များ ထပ်မံဖြစ်ပေါ်မှုမရှိစေရေး အထူးဂရုပြု ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မဲပေးသည့်နေရာတွင် လုံခြုံမှုရှိရန်၊ မဲစာရင်းမှန်ကန်ရန် အဓိကထား ဆောင်ရွက်ရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များထဲမှ အားနည်းချက်ဖြစ်ပေါ်ခဲ့ပါက မိမိတို့တပ်မတော်ကို ပြည်သူလူထုအနေဖြင့် အပြစ်မြင်လာမည်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် **ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲကို အလေ့တကြီး ဆောလျင်စွာဆောင်ရွက်၍မရဘဲ စနစ်တကျပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်**သည့်အတွက် အချိန်တစ်ခုအထိ မိမိတို့အနေဖြင့် ဆက်လက်တာဝန်ယူဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေးကိုရှေးရှုပြီး ရွေးကောက်ပွဲကို မဖြစ်မနေကျင်းပရန် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲကျင်းပမှုနှင့်ပတ်သက်ပြီး အခင်းအကျင်းသည် နှစ်ခု ထွက်ပေါ်လာနိုင်ပါကြောင်း၊ ပထမတစ်ခုမှာ လတ်တလော လက်နက်ကိုင်တိုက်ခိုက်မှု၊ မတည်ငြိမ်မှုများဖြစ်ပေါ်လျက်ရှိသည့် ဒေသများကို ချန်လှပ်ပြီး ရွေးကောက်ပွဲကျင်းပခြင်းနှင့် ဒုတိယတစ်ခုအနေဖြင့် ရွေးကောက်ပွဲကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မဖြစ်မနေပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ ပထမဖြစ်ပေါ်လာနိုင်သည့် အခင်းအကျင်းဖြစ်သည့် တည်ငြိမ်မှုအားနည်းနေဆဲဒေသများကို ချန်လှပ်ပြီး ကျန်ဒေသများတွင် ရွေးကောက်ပွဲကိုကျင်းပပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များမှာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ကျင်းပခဲ့သည့် ၃၁၅ မြို့နယ်ထက် ပိုမို၍ ကျင်းပနိုင်မည့် မြို့နယ်အရေအတွက် နည်းပါးသွားနိုင်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမပြုလုပ်နိုင်ခဲ့သည့် တိုင်းရင်းသားဒေသများ၏ မကျေနပ်မှုများကိုလည်း တွေ့မြင်ရပြီးဖြစ်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲမကျင်းပနိုင်သည့် မြို့နယ်များတွင်ရှိသည့် ပြည်သူလူထုသည် ၎င်းတို့၏ မူလအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်နှင့် ဒီမိုကရေစီနည်းလမ်းကျ ဆန္ဒဖော်ထုတ်နိုင်မှု အခွင့်အရေးများ ဆုံးရှုံးသွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်တစ်ခုလုံးအလိုက် ရွေးကောက်ပွဲ မကျင်းပနိုင်သည်ထက်စာပါက လုံခြုံမှု ရှိသည့်နေရာများတွင် ကျင်းပပေးနိုင်ရန်လည်း စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲကျင်းပမှုမှ ချန်လှပ်ခဲ့သည့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လွှတ်တော်ခေါ်ယူရန်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များရွေးချယ်ခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းစသည့် ကိစ္စရပ်များတွင် အားနည်းချက်များဖြစ်လာမည်ဖြစ်သလို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တို့တွင်လည်း အလားတူဒေသ ကိုယ်စားပြုသည့် ကိုယ်စားလှယ် ပါဝင်မှုမရှိခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် အားနည်းချက်များ ဖြစ်ပေါ်လာနိုင်ခြင်း စသည့်အကျိုးဆက်များကို ရင်ဆိုင်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအမြင်၊ ပြည်သူလူထုအမြင်တွင် လွှတ်တော်ကိုမဖြစ်ဖြစ်အောင် ခေါ်သည်ဆိုသည့် အနေအထားကို ရောက်ရှိသွားနိုင်ပါကြောင်း၊ ဒုတိယဖြစ်ပေါ်လာနိုင်သည့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရွေးကောက်ပွဲကျင်းပပါက ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ဆက်လက်တင်ပြလိုပါကြောင်း၊ အဓိကအားဖြင့် လက်နက်ကိုင်ဆန့်ကျင်မှု၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသည့် ဒေသများတွင် လက်နက်အားကိုးခြိမ်းခြောက်ပြီး မဲပေးမှုကို တားမြစ်ပိတ်ပင်ခြင်း၊ အကြမ်းဖက်ဗုံးဖောက်ခွဲခြင်း၊ တိုက်ခိုက်ခြင်း၊ အကြမ်းဖက်သမားများ လိုလားသည့်သူများကို ခြိမ်းခြောက်မဲထည့်စေခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ရလဒ်အနေဖြင့် မဲဆန္ဒရှင်များ ကိုယ်တိုင်မဲပေးရွေးချယ်သည့်ရာနှုန်းကျဆင်းခြင်း၊ အကြမ်းဖက်အားပေး လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အသီးသီးကို ရောက်ရှိလာခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းနေမှုကို ပိုမိုဆိုးရွားလာစေနိုင်ပါကြောင်း၊ ထိုသို့သောအခြေအနေများ ဖြစ်ပေါ်လာမှုမရှိစေရေးအတွက် လတ်တလော အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် နေရာဒေသများကို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးစသည့် လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း။

**နားလည်မှုအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**

**ရွေးကောက်ပွဲကျင်းပနိုင်သည့် အခင်းအကျင်းနှစ်ခုလုံးအတွက် အဓိကလိုအပ်ချက်များကို သုံးသပ်လေ့လာကြည့်ပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပရန်၊ မဲပေးရွေးချယ်မည့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် အမှီအခိုကင်းကင်း၊ အကြောက်တရားကင်းကင်းဖြင့် မဲပေးရွေးချယ်နိုင်ရန်၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရန်ဆိုသည့် အဓိကအကြောင်းအရာများကို တွေ့ရှိရမည်ဖြစ်**ပါကြောင်း၊ **မိမိတို့ကျင်းပပေးရမည့် ရွေးကောက်ပွဲသည် အထွေထွေရွေးကောက်ပွဲ (General Election)ဖြစ်**ပါကြောင်း၊ **နိုင်ငံအတွက်အရေးကြီးသည့် နိုင်ငံရေး အဆုံးအဖြတ် ဖြစ်လာမည်ဖြစ်သည့်အတွက် အားလုံးက အထူးအလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်**ပါကြောင်း၊ မိမိတို့နိုင်ငံတွင် **ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှန်ကန်စွာ ပေါ်ထွန်းဖော်ဆောင်နိုင်စေရေး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ သက်ဆိုင်သူပုဂ္ဂိုလ်များအားလုံး၊ ပြည်သူပြည်သားများအားလုံး၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုက်အဝန်းအားလုံးမှ အပြုသဘောဆောင်ပြီး နားလည်မှုအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**ပါကြောင်း၊ ထို့ကြောင့် လတ်တလော အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နေရာဒေသများကို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့်လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည့်အတွက် အရေးပေါ်အခြေအနေအဖြစ် ကြေညာထားမှုကို ထပ်မံပြီး (၆ လ) သက်တမ်းတိုးမြှင့်တာဝန်ထမ်းဆောင်ခွင့်ပြုရန် တင်ပြလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ဆွေးနွေးတင်ပြကြရာ ဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဆွေးနွေးပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဆက်လက်သက်တမ်းတိုးခြင်းကို ထောက်ခံ**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆွေးနွေးပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တင်ပြမှုတွင် လက်ရှိနိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် နိုင်ငံတော်မှဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်သည်များကို အကျယ်တဝင့် သုံးသပ်ဆွေးနွေးသွားသည်ကို တွေ့ရှိခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပခဲ့သည့်အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အစည်းအဝေး(၁/၂၀၂၃)၌ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား သက်တမ်းတိုးမြှင့်မှုနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းခဲ့ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားမှတ်ချက်နှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်အားလုံး၏သဘောတူညီချက်များအရလည်းကောင်း ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဆက်လက်သက်တမ်းတိုးမြှင့်ရန် တညီတညွတ်တည်း ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိအနေဖြင့် အထူးပြုတင်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်ဟု ပါရှိကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက တစ်ကြိမ်လျှင်(၆)လအထိ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ဆက်လက်သက်တမ်းတိုးခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးပြောကြားရာတွင် အကြမ်းဖက်သမားများကြောင့် ဖြစ်ပေါ်ခဲ့သည့် လူမှုစီးပွားဘဝ ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့မှုများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် အကြမ်းဖက်မှုများ လျော့ပါးလာအောင် ဆောင်ရွက်နိုင်ခဲ့မှု၊ တပ်မတော်အနေဖြင့်လည်း အကြမ်းဖက်မှုများ လျော့ပါးစေရေးအတွက် လိုအပ်သည့် စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်သွားရန်အတွက် အချိန်တစ်ခု လိုအပ်နေမှု၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မဲစာရင်းများ မှန်ကန်မှုရှိရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်မှုနှင့် ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား (၆)လ သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံမှုနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**(၆)လ သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံ**

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ဆွေးနွေးတင်ပြရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရှင်းလင်းဆွေးနွေးမှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား (၆)လ သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ဆွေးနွေးတင်ပြရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များမှအစပြု၍ နိုင်ငံအတွင်း အကြမ်းဖက်လုပ်ရပ်များ ဖြစ်ပေါ်ခဲ့မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ခဲ့မှုများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလအား (၆)လ သက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။ **စာမျက်နှာ ၈ သို့** »»»

☆ **ရွေးကောက်ပွဲကျင်းပနိုင်သည့် အခင်းအကျင်းနှစ်ခုလုံးအတွက် အဓိကလိုအပ်ချက်များကို သုံးသပ်လေ့လာကြည့်ပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပရန်၊ မဲပေးရွေးချယ်မည့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် အမှီအခိုကင်းကင်း၊ အကြောက်တရားကင်းကင်းဖြင့် မဲပေးရွေးချယ်နိုင်ရန်၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အပြည့်အဝရရှိရန်ဆိုသည့် အဓိကအကြောင်းအရာများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကျင်းပပေးရမည့် ရွေးကောက်ပွဲသည် အထွေထွေရွေးကောက်ပွဲ (General Election)ဖြစ်ပါကြောင်း၊ နိုင်ငံအတွက်အရေးကြီးသည့် နိုင်ငံရေးအဆုံးအဖြတ် ဖြစ်လာမည်ဖြစ်သည့်အတွက် အားလုံးက အထူးအလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်**

☆ **မိမိတို့နိုင်ငံတွင် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာမှန်ကန်စွာ ပေါ်ထွန်းဖော်ဆောင်နိုင်စေရေး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်သူပုဂ္ဂိုလ်များအားလုံး၊ ပြည်သူပြည်သားများအားလုံး၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အသိုက်အဝန်းအားလုံးမှ အပြုသဘောဆောင်ပြီး နားလည်မှုအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**

»»» စာမျက်နှာ ၇ မှ

၎င်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လွန်ခဲ့သည့် ခြောက်လတာကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှတိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို နိုင်ငံတကာမှ သိရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ထပ်မံသက်တမ်းတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

**သက်တမ်းထပ်မံတိုးမြှင့်ခြင်းအပေါ်ထောက်ခံ**

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အကြမ်းဖက်မှုဖြစ်စဉ်များ လျော့ပါးလာသည်ဖြစ်သော်လည်း အချို့နေရာများ၌ ဖြစ်ပေါ်နေဆဲဖြစ်သည့် အခြေအနေများ၊ အစိုးရ၏အုပ်ချုပ်မှု ယန္တရား ပျက်ပြားစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား သက်တမ်းထပ်မံတိုးမြှင့်ခြင်းအပေါ် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အထွေထွေဆွေးနွေးရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က EAO အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ ဆက်လက်ဆောင်ရွက်နေမှု၊ ပြည်တွင်းအင်အားဖြင့် စီးပွားရေးပိတ်ဆို့မှုများအား ကျော်လွှားနိုင်ရေးဆောင်ရွက်နေမှု၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာ အခင်းအကျင်းများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ယာယီသမ္မတ ဦးမြင့်ဆွေက ယခင်ကျင်းပခဲ့သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃) အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည့် (၂)နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ရှေးရှုပြီးဆောင်ရွက်ခဲ့သည့် အခြေအနေများကိုသာမက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အပါအဝင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသည့်အခြေအနေများကို ဆွေးနွေးတင်ပြခဲ့သည့်အတွက် **“နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် သာမန်မဟုတ်သည့် အခြေအနေ”**အဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် သာမန်မဟုတ်သည့် ဖြစ်စဉ်၊ ဖြစ်ရပ်များ၊ ပြောင်းလဲလာသည့် ကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် အကြောင်းအရာများကိုမူတည်ပြီး လက်ရှိအခြေအနေနှင့်ကိုက်ညီသည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်ကိုလည်း သတိပြုမိပါကြောင်း။

ယခင် (၂)နှစ်တာကာလ တာဝန်ထမ်းဆောင်ချိန်မှာချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်အနက် ဆောင်ရွက်ပြီးစီးခဲ့သည့် အချက်အလက်များအစား ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် အချက်အလက်များနှင့် ပြင်ဆင်၊ ဖြည့်စွက်ဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ခဲ့ရပါကြောင်း၊ ထို့အပြင် နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အမျိုးသားအကျိုးစီးပွားနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန် ရည်ရွယ်ပြီး ယခင် (၂)နှစ်တာကာလအတွင်း ချမှတ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို ပြင်ဆင်၊ ဖြည့်စွက်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးကိုရှေးရှုသည့် ဆောင်ရွက်ချက်များဖြစ်သည့်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်းကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့်လည်း ယခုအစည်းအဝေးတွင် ပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်တို့ကို ပြီးခဲ့သည့်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများကို ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

လက်ရှိနိုင်ငံရေးအခင်းအကျင်းကို ဖြစ်ပေါ်စေခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှုကို ဖြေရှင်းဆောင်ရွက်ပြီးချိန်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မူလဦးတည်ရည်မှန်းချက်ဖြစ်သည့် ရွေးကောက်ပွဲအခင်းအကျင်း ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ဆောင်ရွက်နေသည်ကိုလည်း သတိပြုမိပါကြောင်း။

**☆ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူအားလုံး၏ဆန္ဒသဘောထားကို ထင်ဟပ်စေမည့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်**

**☆ ထိုကဲ့သို့ကျင်းပရာတွင်လည်း အကြောက်တရားကင်းကင်း၊ အမှီအခိုကင်းကင်းဖြင့် မဲပေးခွင့်ရစေရေး၊ အကြမ်းဖက်မှုကို လိုလားသူများနှင့် အားပေးသူများ လွှတ်တော်အတွင်း ရောက်ရှိမလာစေရေး စသည့် ပြည်သူကိုရှေးရှုသည့် ရည်မှန်းချက်များသည် ပြည့်စုံလှသည့်ဆွေးနွေးချက်များဖြစ်သည်ဟု ဆိုရမည်ဖြစ်**

**☆ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေရမည်ဖြစ်**

ဒီမိုကရေစီစနစ်၏အသက်ဖြစ်သည့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်ပေါ်လာစေရေး၊ စုစည်းမှုအင်အားရှိသည့် နိုင်ငံရေးပါတီများ ဖြစ်ပေါ်လာစေရေး၊ တိုင်းရင်းသားပြည်သူလူထုများ၏အသံကို ကြားသိနိုင်သည့် အခင်းအကျင်း ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ပေးခဲ့ခြင်းမှာလည်း သင့်လျော်ကောင်းမွန်သည့် ဆောင်ရွက်ချက်တစ်ခု ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

**အနှစ်သာရအားဖြင့်ပြည့်စုံသည့်ဥပဒေဖြစ်**

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများနှင့် အခြားပုဂ္ဂိုလ်ရေး၊ စည်းရုံးရေးဆိုင်ရာ အခြေအနေအချို့ကြောင့် ယခင်တည်ရှိခဲ့သည့်ပါတီများအနက် အချို့ပါတီများသည် မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့ကြပါကြောင်း၊ ယင်းဖြစ်စဉ်၏ အခြားတစ်ဖက်တွင် နိုင်ငံရေးပါတီတချို့ ပူးပေါင်းခြင်း၊ ပါတီသစ်တချို့ မှတ်ပုံတင်ခြင်း စသည်များလည်း ဖြစ်ထွန်းလာသည်ကို တွေ့မြင်ရသည့်အတွက် ပြင်ဆင်ပြဋ္ဌာန်းလိုက်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေသည် အနှစ်သာရအားဖြင့် ပြည့်စုံသည့်ဥပဒေဖြစ်သည်ကို သက်သေပြနေခြင်းဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ ပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပခြင်းဟူသည့် လုပ်ငန်းစဉ်ကို ရောက်ရှိနိုင်ရေး ပြင်ဆင်ခြင်းအဆင့်ကို ကျော်ဖြတ်ရဦးမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ဆွေးနွေးချက်တွင် ရွေးကောက်ပွဲကျင်းပမှုကို အခင်းအကျင်းနှစ်ခုဖြင့် ဆွေးနွေးသွားသည်ကို တွေ့ရပါကြောင်း၊ **ပထမအခင်းအကျင်း**အရ လက်ရှိပစ်ခတ်တိုက်ခိုက်မှု၊ အကြမ်းဖက်မှု၊ ဥပဒေမဲ့ပြုကျင့်မှုများ ဖြစ်ပွားနေသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး မြောက်ဘက်ခြမ်းနေရာအချို့၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းနှင့် တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ နေရာအနည်းငယ်တို့ကို ချန်လှပ်ပြီး ရွေးကောက်ပွဲပြုလုပ်ရန်ဖြစ်ပါကြောင်း။

**မမိတ်မသုန်ထမ်းဆောင်ရမည်**

**ဒုတိယအခင်းအကျင်း**အနေဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ရွေးကောက်ပွဲကို ဖြစ်မြောက်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ အခင်းအကျင်းတိုင်းတွင် အားသာချက်၊ အားနည်းချက်များ ရှိသည်ကို တွေ့ရပါကြောင်း၊ လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တပ်မတော်ကိုအခြေပြုပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်သည့်အတွက် တပ်မတော်၏ မူလရပ်တည်ချက်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားထိခိုက်မှု မရှိစေရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၆(စ)ပါ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်ဟူသည့် တာဝန်ကြီးများကို မမိတ်မသုန်ထမ်းဆောင်ရမည်လည်း ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအခင်းအကျင်းနှစ်ခု၏ အားသာချက်၊ အားနည်းချက်များအနက် လျှော့ကျလုမ်းမည့် ဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူအနိုင်ရရေးကိုသာ ဦးတည်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ဆွေးနွေးသွားသည်ကိုလည်း လေးလေးနက်နက် သတိပြုမိပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူအားလုံး၏ဆန္ဒသဘောထားကို ထင်ဟပ်စေမည့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ကျင်းပရာတွင်လည်း အကြောက်တရားကင်းကင်း၊ အမှီအခိုကင်းကင်းဖြင့် မဲပေးခွင့်ရစေရေး၊ အကြမ်းဖက်မှုကို လိုလားသူများနှင့် အားပေးသူများ လွှတ်တော်အတွင်း ရောက်ရှိမလာစေရေး စသည့် **ပြည်သူကိုရှေးရှုသည့် ရည်မှန်းချက်**များသည် ပြည့်စုံလှသည့်ဆွေးနွေးချက်များဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး စသည့်လုပ်ငန်းများကိုစဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း။

လတ်တလော နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လွတ်လပ်တက်ကြွ၍ ဘက်မလိုက်သည့်မူဝါဒကို ကျင့်သုံးပြီး ပြည်ပနိုင်ငံအသီးသီးနှင့် ဆက်ဆံရေးကိစ္စရပ်များ၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည့် နယ်ပယ်အသီးသီးမှ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဆက်လက်ပြီး တိုးတက်မှုများ ရရှိအောင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်ကိုလည်း မြင်တွေ့နေရပါကြောင်း။

ထို့အပြင် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ချမှတ်ထားသည့် အမျိုးသားရေးလုပ်ငန်းစဉ် (၂)ရပ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ် (၂)ရပ်ကိုလည်း လက်ရှိရထားသည့် အခြေအနေကောင်းတစ်ရပ်မှ ဆက်လက်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန် အချိန်အတိုင်းအတာအရ လိုအပ်လျက်ရှိနေကြောင်း တွေ့ရှိရပါကြောင်း၊ ယခု ဆွေးနွေးခဲ့သည့် ခြောက်လတာကာလအတွင်း ကြုံတွေ့ခဲ့ရသည့် လေဘေးအပါအဝင် မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဒေသခံပြည်သူလူထုများ၏ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းအပါအဝင်ပြန်လည်ထူထောင်ရေးနှင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအတွက် စိတ်ခွန်အား၊ ငွေအား၊ လူအားတို့ကို အရှိန်အဟုန်နှင့် ဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိနေဆဲဖြစ်သည်ကိုလည်း တွေ့ရှိရပါကြောင်း။

**သမိုင်းမှတ်တမ်းရေးထိုးနိုင်ခဲ့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် ကာလအတွင်း နိုင်ငံတကာနှင့် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်မှုကြားမှ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏အကျိုးစီးပွား တိုးတက်ရေးကို ရှေးရှုပြီး ဆောင်ရွက်ခဲ့မှုများကို လေးစားစွာ အသိအမှတ်ပြုပါကြောင်း၊ ဖြစ်ပေါ်ပြောင်းလဲလာမှုများအပေါ်မူတည်ပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ ပြင်ဆင်၊ ဖြည့်စွက်ဆောင်ရွက်ချက်များနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်ချက်များသည် သမိုင်းမှတ်တမ်းရေးထိုးနိုင်ခဲ့ပြီဟု ဆိုနိုင်ပါကြောင်း။

တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ တစ်ဦးချင်းစီ၏ လွတ်လပ်မှု၊ အမှီအခိုကင်းမှု၊ အကြောက်တရားကင်းမဲ့စွာ မဲပေးနိုင်မှု စသည့်ရွေးကောက်ပွဲအခင်းအကျင်းတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိမိအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအားလုံး၏ သဘောတူ ဆွေးနွေးဆုံးဖြတ်ချက်များအရ လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ **ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)** ၏ လုပ်ပိုင်ခွင့်များအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ**ပုဒ်မ ၄၂၅** နှင့်အညီ နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေအရ **“နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၁-၈-၂၀၂၃ ရက်နေ့မှစ၍ နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း”** နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို **“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်”** ထံသို့ ထပ်မံအပ်နှံကြောင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးကြေညာအပ်ပါကြောင်း၊ “အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ”အနေဖြင့်လည်း ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၂/၂၀၂၃)ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံမှ ကြွရောက်လာသည့် ဆရာတော်ကြီးထံ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ပုံစံတူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဆက်ကပ်လှူဒါန်းစဉ်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ နီပေါနိုင်ငံမှ ကြွရောက်လာသည့် ဆရာတော်ကြီးက ဓမ္မလက်ဆောင် ပေးအပ်စဉ်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချခြင်း စသည့် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူကြမည့် ပြည်ပနိုင်ငံများမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချခြင်း စသည့် မဟာမင်္ဂလာအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်သည်။

## ဖူးမြော်ကြည်ညို

အဆိုပါမဟာမင်္ဂလာ အခမ်းအနားများကို ကမ္ဘောဒီးယား၊ ထိုင်း၊ နီပေါ၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ရုရှားဖက်ဒရေးရှင်း၊ လာအို၊ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံများမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် ဆရာတော်အပါး ၇၀ ကျော်သည်လည်း ကြွရောက်ချီးမြှင့်တော်မူကြမည်ဖြစ်သည်။ မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်ရန် နေပြည်တော်သို့ ရောက်ရှိပြီး Jasmine Hotel ၌ ခေတ္တသီတင်းသုံးလျက်ရှိသည့် ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများအား ယနေ့မွန်းလွဲပိုင်းတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ သွားရောက်ဖူးမြော် ကြည်ညိုသည်။



ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သီရိလင်္ကာနိုင်ငံမှ ကြွရောက်လာသည့် ဆရာတော်ကြီးက ဓမ္မလက်ဆောင် ပေးအပ်စဉ်။

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင် ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဆေကိန္ဒတို့က နိုင်ငံအသီးသီးမှ ကြွရောက်လာကြသည့် ဆရာတော်ကြီးများနှင့် တစ်နိုင်ငံချင်း သီးခြားစီ တွေ့ဆုံမိတ်ဆက်ပေးသည်။

## များစွာဝမ်းမြောက်မိ

ထို့သို့ တွေ့ဆုံမိတ်ဆက်ပေးစဉ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများအနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချခြင်း စသည့် မဟာမင်္ဂလာ အခမ်းအနားများသို့ကြွရောက်ချီးမြှင့်တော်မူသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ဆရာတော်ကြီးများအပြင် ဆရာတော်ကြီးများ၏ နိုင်ငံအသီးသီးမှ နိုင်ငံသူ နိုင်ငံသားများကိုလည်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ရန်အတွက်လည်း ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဆရာတော်ကြီးများအနေဖြင့် စိတ်နှလုံးချမ်းမြေ့စွာဖြင့် သီတင်းသုံးတော်မူနိုင်ရေး အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံအသီးသီးမှ သာသနာတော်ပိုင် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ ကိုယ်တိုင် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်တော်မူသည့်အတွက် သာသနာတော်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်းဖြင့် လျှောက်ထားသည်။

စာမျက်နှာ ၁၀ သို့ »»





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကြွရောက်လာကြသည့် ဆရာတော်များအား ဖူးမြော်ကြည်ညိုစဉ်။

# မာရဝိဇယ ဗုဒ္ဓမြတ်စွာ ဘုရားဖူး ကြွရောက်ကြပါရန် မေတ္တာစာပါး ဘုရားဖူးဖိတ်ကြားလွှာ

တက္ကသိုလ်မြတ်သူ



ဇေယျတု သပြေနုတင်ကာ၊ ငွေခရုသင်္ခါနှင့်၊ ပြေယခုမင်္ဂလာလွှမ်းပါစေကြောင်း၊ ငြိမ့်ညောင်း သာယာ၊ အောင်ဩဘာနှင့် တံမြွာပဥ္စင်၊ သံလွင်နွဲ့နှောင်း ငြိမ့်ညောင်းသံခ၊ ကက္ကရရွှေစိန်စည် သက္ကဝတီဆီမှ၊ မြတ်သိကြားနတ်စည်၊ လူ့ရပ်လူ့ရွာ ပြည်မြန်မာမှ ပန်တျာစည်၊ လမ္ဗရာစည်၊ တစ်မျိုးဝေစည် – မရိုးရွှေစည်၊ စည်တကာပေါင်းရုံးပြီး စည်တကာ့ထိပ်သီး မေတ္တာရွှေစည်ကြီးကို ရိုက်ဟီးခတ်ဆော် နိုင်ငံတော်တစ်လွှား၊ မေတ္တာဆောင် အောင်စည်သံကြားစေကြောင်း မေတ္တာဖြင့်လည်းကောင်း။

ဘေးမခကြည်စွာ၊ အေးမြဒီပါ၊ ဧရာဝတီ၊ ဒုဌဝတီ၊ ကစ္ဆပနဒီ၊ ရွှေလီ–စစ်တောင်း၊မြစ်အပေါင်းတသွင်သွင်၊သံလွင်ချင်းတွင်း၊ ဝေန်–မန်းမြစ်အစင်းစင်းတို့မှ စီးဆင်းသောရေသီတာ၊ မြို့ရွာပြည်တစ်ဝန်း၊ အေးချမ်းစေကြောင်း မေတ္တာရေလောင်းခြင်းဖြင့် လည်းကောင်း။

မြေကမ္ဘာမှာ ပြိုင်ဘက်ကင်း၊ မြန်မာ့မြေတွင်းထွက်၊ ရောင်ယှက်နီတျာ၊ ဝါဂွမ်းဖြင့်ဖုံးအုပ်ကာမျှဖြင့်၊ ဝါဂွမ်းထဲမှစိမ့်ယိုထွက်၊ တစ်စက်စက်ရောင်လျှံပျံ့၊ တဒီးဒီးယိုစီးနှံ့သကဲ့သို့၊ ယောင်ယောင်ဝိုးဝါး–လက်ဖဝါးဖြန့်ခံမိသို့၊ တုမရှိအရည်သွေးကောင်း၊ အရွယ်ပမာဏဆန်ကျိုး၊ အဖိုးပြည်တန်၊ အမျိုးရတီမှန်၊ ပြည်မြန်ပတ္တမြား၊ လှော်ကားတင်ကြီး၊ လှော်ကားတင်လေးတစ်သီး၊ ငမောက်ကြီးပတ္တမြား၊ ငမောက်ကလေး၊ နီစွေးလှပ၊ အရည်အသွေးပြည့်ဝသည့်၊ နဝတပတ္တမြား၊ နစကပတ္တမြားတို့ကို ဘယ်ပတ္တမြားယှဉ်မတုံး၊ ယှဉ်သူရှုံးပေလိမ့်၊ မြန်မာ့မြေကိန်း၊ ကျောက်စိမ်း–နီလာ၊ မဟူရာ ကြောင် မျက်ရွဲ၊ ငွေခဲရွှေတုံး၊ ဇမ္ဗူရာဇ်ရတနာခပင်း၊ ဥဿဖရား၊ ဝဇီရာစိန်ပါ မခြွင်းထည့်တွက်၊ မြန်မာ့မြေထွက်၊ သယံဇာတ၊ ကျောက်မျက်စုံခသော၊ အနဂ္ဃမြင့်မား၊ ပတ္တမြားမေတ္တာ၊ နီလာမေတ္တာ၊ စိန်ကျောက်ရတနာများကဲ့သို့ ထိန်တောက်ထည်ဝါစေလိုသောမေတ္တာဖြင့်လည်းကောင်း။

သရဖီ၊ ကံ့ကော်၊ ပျံ့ကျော်စကား၊ ငွေသားနုစံပယ်၊ နံ့ကြွယ်မြတ်လေး၊ ကြိုင်မွှေးခတ္တာ၊ ရွှေ ယင်းမာ၊ ကြာမျိုးစုံစွာ၊ ခဝဲဝါ၊ သနံ့စင်ပန်းပါမကြွင်း၊ ပျံ့သင်းခွာညိုလန်း၊ ပေါက်လဲပန်းစုံစုံ၊ ပန်းရဂုံ–ပန်းစုံပွင့်သကဲ့သို့၊ ပုပ္ပမာလာ၊ ပန်းတကာ စုဝေး၊ ပြည်လုံးလှိုင်ကြိုင် သင်းမွှေးသကဲ့သို့သော ပန်းမေတ္တာဖြင့်လည်းကောင်း ပို့သလေ့ရှိပါသော၊ ကနက်ဗဟိုဒြပ်တလူလူ၊ တက္ကသိုလ်မြတ်သူ ဇရာကလောင်က၊ မြန်မာ့ဘောင်သာစိမ့်ငှာ၊ ဤမေတ္တာစာ–စကားအထူးပါး၊ တရားဦး၊ ဘုရားဖူးကြွစေလိုသော–စိတ်ထားဖြင့် ဖိတ်ကြားလွှာ ပါးလိုက်ရပါသည်။

လူသားသံပိုင်း၊ သမိုင်းရှည်ကြာ၊ ပြည်မြန်မာဘောင်၊ ပုံတောင်ဒေသ၊ ပုံညာမှ၊ လူဖြစ်စပုံရိပ်၊ လူတူပရိုင်းမိတ်ရုပ်ကြွင်း၊ ဓာတ်ခွဲခြင်းဖြင့် သိမဆုံး၊ မြန်မာ့လူ့သက်တမ်း၊ နှစ်သန်းပေါင်းလေးဆယ်၊ ကမ္ဘာဝယ် လူဖြစ်အစောဆုံး၊ ဘယ်သူယှဉ်မတုန်း၊ မြန်မာ့အသုံးဝေါဟာရတွင် ပါရှိသည့်၊ ဓာတိပုည ဂုဏ်မာနဟု စာသထားသည်နှင့်အမျှ၊ ကမ္ဘာလူသားအစ၊ မြန်မာကမဟုတ်ပါလော၊ မြန်မာအစ–ပုံတောင်ပုံညာက (လွန်ခဲ့သောနှစ်သန်းလေးကုဋေက) မဟုတ်ပါလော၊ စောကြောတွေးချင့်၊ မြန်မာ့ဂုဏ်ဝင့်နိုင်ခဲ့ပြီ။ ဤပြည်ထောင်စု၊ ညီအောင်ပြု–ညီနောင်ဆွေရင်း၊ သွေးချင်းပမာ နေလာတဲ့သွေးရင်း၊ အမျိုးရင်း လူမျိုးနွယ် တစ်ရာ့သုံးဆယ်နှင့်ငါး၊ တစ်သားတည်း မရှိအတူ ရှိအတူ၊ အေးတူပူအမျှ၊ အတူတကွယှဉ်တွဲ၊ ဥမကွဲသိုက်မပျက် အစဉ်အဆက် သာနေလာကြတာ၊ နှစ်ပရိစ္ဆေဒတွေကြာပါပကော။ ညီညွတ်သော တို့သနစ်၊ ပြည်ချစ်သော တို့စိတ်ဓာတ်၊ ရစ်ပတ်သွေးစည်း၊ အရေးကြီးလျှင်သွေးစည်းစုရုံး၊ ရှင်ပြုံးချစ်ကြည်နေခဲ့ပြီးဖြစ်သော အိုမြန်မာ သွေးရင်းသွေးချင်း၊ မွေးရင်းမွေးချင်း တိုင်းရင်းသားမျိုးဆွေတို့....။

မြန်မာ့မြေတွင် ပဒေသာပင်ပေါက်သလို လုံလောက်ကုန်ကြွယ်၊ ယာ–မြေလယ်–မြေဆီကောင်း၊ ရေကောင်းက လိုသလောက်ရ၊ မြေအောက်–ရေအောက်မှ သဘာဝလျှံကျ၊ အဖိုးတန်အမျိုးမှန် သယံဇာတ၊ ရွှေငွေကအစ ရတနာများ၊ ပတ္တမြားကျောက်သံ၊ စပါးကောက်နှံ၊ အဆီအနှစ်တွေ ကြွယ်သကော၊ သစ်တောနှင့်ရေနံ၊ သဘာဝဓာတ်ငွေ့လျှံအောင်ထွက်၊ မြန်မာတို့အတွက် ချမ်းသာစေ၊ အမိမြေကပေးလိုက်သည်မှာ၊ တစ်ပုံတစ်ခေါင်း၊ ပုညကံကောင်းလှချည့်။

သစ္စာလေးပါး၊ ပိုင်းခြားသိမြင်၊ ဟောမြွက်ညွှန်ပြ၊ မဂ္ဂမြတ်လမ်းစဉ်၊ ဇိနပလ္လင်၊ အောင်မြင်ပွင့်ထွန်း မာရ်နတ်အဖျက်၊ မေတ္တာဖက်၍ အောင်မြင်မှုဖြင့်၊ သဗ္ဗညုဉာဏ်၊ လင်းလက်လျှံ၊ ခြောက်တန်ရောင်ခြည်ရှွန်းခဲ့ရသည့်၊ ရှင်တော်ဂေါတမ–မြတ်ဗုဒ္ဓ၏ သာသနာတော်။

ဝိနည်းပိဋကတ်၊ ဗုဒ္ဓမြတ်ဥပဒေ၊ သုတ္တန်ပိဋကတ်၊ တရားတော်မြတ်ရတနာပေ။ အဘိဓမ္မာ ပိဋကတ်သုံးရပ်သုံးပုံ အလုံးစုံသော ပိဋကတ်ပေ။ မြန်မာ့မြေမှန်၊ ဘူမိနက်သန်၌ မချန်မခြွင်း၊ အလျဉ်းမပြင်၊ ထေရ်စဉ်ထေရ်ဆက်၊ မပျက်ဆင့်ကမ်း၊ မယွင်းစတမ်း သယ်လာပေရ၊ ထေရ်ဝါဒဗုဒ္ဓသာသနာ၊ ရောင်ဝါနေဝန်းထွန်းခဲ့သည့် အလို၊ ဗဟိုချက်မြေအမွန်၊ မြန်မာ့မြေ၌ သာသနာ့အောင်လံ တံခွန်တလူလူလွင့်လျက်ပါတကား။

ဗုဒ္ဓဘာသာဝင် – သူတော်စင် ချစ်ခင်လေးစားအပ်ပါသော သွေးချင်းစုံစွာ အို မြန်မာတို့–

ယခုအခါ၊ ဤမြန်မာမြေပေါ်၊ နေပြည်တော်ဒက္ခိဏာသီရိ၊ ထူးမြတ်စည်ပင်၊ ဗုဒ္ဓဥယျာဉ်တွင်၊ စကျင်ရတနာ၊ ရန်အောင်မာရ်အောင်၊ မြတ်ဗုဒ္ဓ၏၊ တုမရပလ္လင်ဘွေ၊ တစ်ဆယ့်ခုနစ်ပေနှင့်၊ ကမ္ဘာမြေစံပြုဆင်းတုဉာဏ်တော် အမြင့်ခြောက်ဆယ့်လေးပေ၊ နှစ်ထွေမိုးထက်ဝယ်၊ ရှစ်ဆယ်နှင့်တစ်ပေ၊ ကြည်ညိုဖွယ်ရာ၊ ကမ္ဘာမှာအကြီးဆုံး၊ အမြင့်ဆုံးစံတော်နှုန်းဖြင့်၊ ရွှေဘုန်းတောက်ပ၊ လင်းထိန်ရပြီ မြန်မာ့ကုသိုလ်ထူးဘိတည်း။

ပိဋကတ်သုံးပုံ၊ ကျောက်စာရုံစေတီ၊ စီရရီဖူးကာ၊ မုစလိန္ဒာ၊ အိုင်မြတ်မဟာမှ၊ နဂါးရုံဗုဒ္ဓ၊ သပ္ပာယ်လှသည် ဓမ္မဗိမာန်၊ ဝန်းရံတန်ဆောင်း၊ သုဓမ္မာဇရပ်အပေါင်းတို့နှင့် တင့်တောင်းတင့်တယ်၊ ကြည်ညိုဖွယ်ကို၊ ဆယ်သွယ်လက်ချောင်း၊ အုပ်ပေါင်းယှက်စု၊ ကော်ရော်မှုဖြင့်၊ ပူဇော်ဝပ်တွား၊ ထိခြင်းငါးပါး၊ သဒ္ဓါပွားရန်၊ တရားအထူးဖြင့် နိဗ္ဗာန်ကူးရန်ညွှန်ပြ၊ မာရဝိဇယ၊ မြတ်ဗုဒ္ဓရုပ်ပွား၊ ရှင်တော်ဘုရားကို အများသူငါ ဖူးကြပါကုန်ဟူ၍ နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။ တရားထူးရရန် – ဘုရားဖူးကြွကြပါရန်၊ အဓိဋ္ဌာန်ပေါက် နိဗ္ဗာန်အမြန်ရောက်ကြရန် စိတ်အကြံမျှ၍ ဖိတ်မန္တကပြုလိုက်ရကြောင်း ပါခင်ဗျား။

**မာရဝိဇယ ဗုဒ္ဓရှင်တော်**<br>
**နိဗ္ဗာန်ရည်စူး ရှိဦးပူဇော်**<br>
**သဒ္ဓါတရား အပြည့်ထားကော်ရော်၊**<br>
**ဦးခိုက်ကြ ဖူးလိုက်ကြစေသော်။**

»»» စာမျက်နှာ ၉ မှ

လျှောက်ထားမှုများအပေါ် ကြွရောက်လာကြသည့် ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများ ယခုကဲ့သို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချခြင်းစသည့် မဟာမင်္ဂလာအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်နိုင်ရေး ဖိတ်ကြားခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ ခရီးစဉ်ကြွရောက်လာရသည့်အတွက် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး သာသနာတော်ဆိုင်ရာကိစ္စရပ်များကို ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုရသည့်အတွက်လည်း များစွာ ဂုဏ်ယူမိပါကြောင်းနှင့် မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ ဗဟိုချက်မဖြစ်လာမည်ကိုလည်း ယုံကြည်မိပါကြောင်းဖြင့် ပြန်လည်မိန့်ကြားတော်မူကြသည်။

တွေ့ဆုံမိတ်ဆက်မှုများအပြီးတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကြွရောက်လာကြသည့် ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများထံသို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများက ဓမ္မလက်ဆောင်များနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။ အလားတူ ပြည်ပနိုင်ငံများမှ ဆရာတော်ကြီးများနှင့်အတူ လိုက်ပါလာသူများကလည်း မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုအတွက် အလှူငွေများ၊ သင်္ကန်းတော်များနှင့် ဓမ္မလက်ဆောင်များကို ပေးအပ်လှူဒါန်းကြရာ ဦးဆောင်ဘုရားဒါယကာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူသည်။



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ထားရှိမှုနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများမှ ကြွရောက်လာကြသည့် ဆရာတော်ကြီးများအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြသစဉ်။

အဆိုပါ ပြည်ပနိုင်ငံများမှ ကြွရောက်လာကြသည့် ဆရာတော်ကြီးများသည် ယနေ့မွန်းလွဲပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ထားရှိမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အအုံများ တည်ဆောက်ထားရှိမှု၊ မုစလိန္ဒ နဂါးရုံဘုရားနှင့် ကျောက်စာရုံစေတီတော်များ တည်ထားကိုးကွယ်ထားရှိမှုတို့ကို သွားရောက်ဖူးမြော် လေ့လာကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်မြင်သံကြား၏ တောင်သူလယ်သမားရုပ်သံလိုင်းနှင့် အားကစားရုပ်သံလိုင်းများ အဆင့်မြှင့်တင်ထုတ်လွှင့်မှု ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့ MRTV Farmers' Channel အား အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ရန် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၃၁**

၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက် (ဝါဆိုလပြည့်နေ့)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ နိုင်ငံတော်တာဝန် ထမ်းဆောင်ခြင်း ၂ နှစ်နှင့် ၆ လပြည့်မြောက်မှု အထိမ်းအမှတ်နှင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး အဖြစ် ကမ္ပည်းမော်ကွန်း ရေးထိုးနိုင်မည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို နေပြည်တော်တွင် တည်ထားပူဇော်မှု အနေကဇာတင်လှူခြင်း အခမ်းအနားကျင်းပမည့် အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Hey Play Co., Ltd တို့ပူးပေါင်း၍ MRTV Farmers' Channel နှင့် MRTV Sports Channel အဆင့်မြှင့်တင်ထုတ်လွှင့်မှု (Channel Rebranding) ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပသည်။




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့ဝင်များ ရုပ်မြင်သံကြား သတင်းထုတ်လွှင့်မှုအခန်းများကို ကြည့်ရှုအားပေးစဉ်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့်ဇနီး၊ ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ Hey Play Co.,Ltd မှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများနှင့် နိုင်ငံကျော် တေးသံရှင်များက သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" Video Clip ကို ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက MRTV Farmers' Channel နှင့် MRTV Sports Channel များအား အဆင့်မြှင့်တင်ထုတ်လွှင့်ခြင်း (Channel Rebranding) ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်ဆောင်ရွက်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တေးသံရှင် ထူးအယ်လင်း သီဆိုထားသည့် "ကျွန်ုပ်တို့ မြန်မာပြည်" တေးသီချင်းကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ MRTV Farmers' Channel Rebranding ဆိုင်ရာ ဆောင်ရွက်ချက်နှင့် MRTV Sports Channel Rebranding ဆိုင်ရာ ဆောင်ရွက်ချက် Promo Video Clip တို့ကို ပြသသည်။

**စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က MRTV Farmers' Channel နှင့် MRTV Sports Channel တို့ကို ဩဂုတ် ၁ ရက်မှ စတင်၍ အဆင့်မြှင့်တင်ထုတ်လွှင့်နိုင်ရန် Channel များအလိုက် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံသို့ MRTV Farmers' Channel နှင့် MRTV Sports Channel အဆင့်မြှင့်တင် ထုတ်လွှင့်နိုင်ခြင်းအတွက် အဆိုပါ Channel များ စတင်ထုတ်လွှင့်ချိန်မှ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ဖြစ်ကြသည့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရတို့က ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက "သွေးချင်းတို့ဌာနေ မြန်မာပြည်" သီချင်းဖြင့် စုပေါင်းကပြ ဖျော်ဖြေတင်ဆက်ကြသည်။

**လက်ဆောင်များပေးအပ်**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား အမှတ်တရ လက်ဆောင်များ လက်ရောက် ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းနောင်တို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအဖွဲ့များအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဦးအောင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်တို့က ပြင်ပအနုပညာရှင်အဖွဲ့များအား လည်းကောင်း ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရုပ်မြင်သံကြား သတင်းထုတ်လွှင့်မှုအခန်း Convergence News Room၊ MRTV HD၊ MRTV News Channel ထုတ်လွှင့်ခန်းများ၊ Farmers' Channel နှင့် Sports Channel ထုတ်လွှင့်ခန်းများ၊ MRTV News Channel News Studio နှင့် Farmers' News Studio တို့အား လည်းကောင်း ကဏ္ဍ တစ်ခုချင်းစီအလိုက် စိတ်ဝင်စားစွာ လိုက်လံကြည့်ရှုအားပေးကြသည်။

MRTV Farmers' Channel ကို လယ်ယာကဏ္ဍဆိုင်ရာ ခေတ်မီစိုက်ပျိုးမွေးမြူ နည်းစနစ်များ၊ စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာ၊ အတွေ့အကြုံ၊ အသိပညာ ဗဟုသုတရရှိစေရန် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစတင်၍ လည်းကောင်း၊ MRTV Sports Channel ကို အားကစားနည်းစနစ်များ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ ပြည်တွင်း၊ ပြည်ပအားကစားပွဲများ ကြည့်ရှုနိုင်ရန် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ လည်းကောင်း ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ Hey Play Co., Ltd နှင့် ပူးပေါင်း၍ အစီအစဉ်များ အဆင့်မြှင့်တင်ခြင်း Rebranding ဆောင်ရွက်ပြီး ဩဂုတ် ၁ ရက်မှစတင်၍ နံနက် ၆ နာရီမှ ည ၁၂ နာရီအထိ စုစုပေါင်း ၁၈ နာရီ ထုတ်လွှင့်သွားမည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ရုပ်သံနှင့်ရေဒီယို FM အစီအစဉ်များကို နေ့စဉ်ထုတ်လွှင့်လျက်ရှိရာ ရုပ်သံထုတ်လွှင့်မှုကို DVB – T2 စနစ်ဖြင့် In – House Channel ခြောက်ခုအပါအဝင် ပုဂ္ဂလိက Channel များ ထည့်သွင်းပြီး Channel ၁၈ ခုဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည့်အပြင် DTH စနစ်ဖြင့်လည်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ In – House Channel များဖြင့် ထုတ်လွှင့်လျက်ရှိရာမှ ယခုအခါ ရုပ်သံမီဒီယာ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် Channel အသစ်များ ထပ်မံထည့်သွင်းထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်အားပေး

**နေပြည်တော် ဇူလိုင် ၃၁**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ဒေါက်တာမှုထန်၊ ဦးမောင်ကို၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် အမျိုးသမီးအကောင်းဆုံးဂိုးသမားဆု ရရှိသည့် ရှမ်းပြည်နယ်အသင်းမှ မမေကြူအောင်နှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသည့် မဇွန်သဲဦးတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါက်တာ အောင်ကျော်မင်းက အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်ခွန်စံလွင်က အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ် ချီးမြှင့်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဝဏ္ဏမောင်လွင်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်ဒွဲဘူက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် အမျိုးသားအကောင်းဆုံး ဂိုးသမားဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ မောင်စိုးမြတ်ထွေးနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မောင်စည်သူအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်းက အမျိုးသား ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ဒေါက်တာမှုထန်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးမောင်ကိုက အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးဝဏ္ဏမောင်လွင်က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲကို ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း အားကစားသမားစုစုပေါင်း ၃၅၀ ဖြင့် ဇူလိုင် ၂၄ မှ ၃၁ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ မိုးသီးနှံများ အချိန်မီအပြည့်အဝစိုက်ပျိုးနိုင်ရေး ဆွေးနွေး

**ထန်းတပင် ဇူလိုင် ၃၁**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မိုးစပါးနှင့် စိုက်ပျိုးသီးနှံများ အချိန်မီ အပြည့်အဝစိုက်ပျိုးနိုင်ရေး တွေ့ဆုံဆွေးနွေးခြင်းကို ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်က မိုးစပါး စိုက်ဧကများပေါ်တွင် နွေစပါး၊ ပဲမျိုးစုံ၊ ဆောင်းသီးနှံ(သီးထပ်) စိုက်ဧကများ အပြည့်အဝစိုက်ပျိုးနိုင်ရေး အလေးထားကြပ်မတ် ဆောင်ရွက်သွားရန်၊ လယ်ယာမြေများပေါ်တွင် မိုးစပါးစိုက်ပျိုးသီးနှံများအား ခိုင်လုံသောအကြောင်းပြချက်မရှိ ချန်လှပ်ထားမှုမရှိစေရေး၊ လယ်ယာမြေများအား အခြားနည်း အသုံးပြုခြင်းများ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်နေမှုများ တားမြစ်သွားရန်တို့ကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## နွေစပါးစိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဖျာပုံ ဇူလိုင် ၃၁**

ဧရာဝတီ တိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာနှင့် သပြေကန် သိမ်ကုန်းဧရိယာအတွင်း နွေစပါးစိုက်ပျိုးရေလုံလောက်စွာ ရရှိရေးနှင့် ရေပေးဝေနိုင်ရေး အတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်(၂)နှင့်တာဝန်ရှိသူများက ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် အေးသာယာကွင်း၊



သိမ်ကုန်းကွင်း၊ အောက္ကဘာ ရေထိန်းတံခါး (ကျုံကန်ချောင်း)၊ အောက္ကဘာရေတံခါး (ကြက်ဖမွေးဇောင်းကျွန်းပတ်တာ)၊ ကျွန်းတွင်း မြောင်းများ၊ ကြက်ဖမွေးဇောင်း စိုက်ကွင်းနှင့် ဝါးချောင်း ရေတံခါးများသို့ သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

# ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ (၂/၂၀၂၃) ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံမှူးကြီး၊ အလုပ်သမားသံအရာရှိ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံတွင် ရောက်ရှိလုပ်ကိုင်နေသည့် MoU (၄) နှစ်ပြည့် မြန်မာအလုပ်သမားများ MoU U–turn စနစ်ဖြင့် ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် ထိုင်း–မြန်မာ နှစ်နိုင်ငံအလုပ်သမားရေးရာ ကျွမ်းကျင်သူများအစည်းအဝေးတွင် နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းခဲ့ပြီး သက်ဆိုင်ရာဌာနများအကြား MoU U–turn စနစ်ဖြင့် စေလွှတ်ရေးလုပ်ငန်းစဉ်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာအလုပ်သမားအများဆုံး သွားရောက်လုပ်ကိုင်နေသည့် နိုင်ငံဖြစ်ပြီး အဆိုပါ အလုပ်သမားများကို တရားဝင် MoU U–turn စနစ်ဖြင့်ပြန်လည်စေလွှတ်နိုင်ပါက ၎င်းတို့၏ မိသားစုလွှဲပို့ငွေများကို မိခင်နိုင်ငံသို့ တရားဝင်လမ်းကြောင်းဖြင့် ပြန်လည်လွှဲပို့နိုင်မည်ဖြစ်၍ နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတွင် MoU (၄) နှစ်ပြည့် Passport သက်တမ်းတိုးဆောင်ရွက်ခဲ့သည့် အလုပ်သမားများသည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီး MoU U–turn စနစ်ဖြင့် ပြန်လည်ထွက်ခွာပါက OWIC ကတ်ထုတ်ပေးရမည်ဖြစ်ပြီး PJ စာအုပ်ကိုင်ဆောင်ပြီး သက်တမ်းတိုးဆောင်ရွက်သည့် အလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်ပြီးနောက် ထွက်ခွာချိန်တွင် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ အချက်အလက်များ စိစစ်၍ OWIC ကတ်ထုတ်ပေးနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံရောက် မြန်မာအလုပ်သမားများမှ ပြန်လည်လွှဲပို့သည့် မိသားစုလွှဲပို့ငွေများကို တရားဝင်ဘဏ်စနစ်များမှတစ်ဆင့် အခြေခံ လစာ၏ ၂၅ ရာခိုင်နှုန်း ပြန်လည်လွှဲပို့နိုင်ရေးနှင့်ပတ်သက်၍ စီစဉ် ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း။

ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ၏ လိုင်စင်အသစ်လျှောက်ထားခြင်း ကိစ္စရပ်များအတွက် ပြည်ပနိုင်ငံများတွင် အလုပ်သမားရေးရာကိစ္စများပေါ်ပေါက်လာပါက တာဝန်ယူစေလွှတ်သည့် အေဂျင်စီအနေဖြင့် အပြည့်အဝကာကွယ်စောင့်ရှောက်ပေးနိုင်ရေးနှင့် အမည်ခံအေဂျင်စီနှင့် မမှန်မကန်လုပ်ဆောင်နေသည့် အေဂျင်စီများကို တားဆီးကာကွယ်ရေးအတွက် အမှန်တကယ်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်သည့် အေဂျင်စီများသာ လိုင်စင်အသစ်လျှောက်ထားနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်သည့် ရည်ရွယ်ချက်၊ နိုင်ငံများနှင့် စည်းကြပ်သည့် ဥပဒေနှင့် အေဂျင်စီများ၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်လျှောက်ထားလာမှုအပေါ် စိစစ်ထုတ်ပေးနေမှု၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်မှုနှင့် မိသားစုလွှဲပို့ငွေကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေး ဆုံးဖြတ်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု ဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လပွတ္တာမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများ တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုအားပေး



**ပုသိမ် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လပွတ္တာမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ဇင်ရွဲလေးကျေးရွာအနီးရှိ ပိုင်ရှင် ဦးလှစိုး၏ ကဏန်းမွေးမြူရေးကန်သို့ သွားရောက်ပြီး ကဏန်းမွေးမြူထားရှိမှု၊ နေ့စဉ်ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချမှုအခြေအနေများကို မေးမြန်းကာ ကဏန်းမွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လပွတ္တာ–သင်္ကန်းကြီး ကားလမ်း ဘေးဝဲယာရှိ လယ်ကွင်းများတွင် မိုးစပါးစိုက်ပျိုးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လပွတ္တာ–သင်္ကန်းကြီးကားလမ်း (၂/၃)မိုင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဘိုးပိုင်အခြေပြုကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ရေထဲပိုင်း နိုင်လွန်ပိုက်ထုပ် ကျောက်ချခြင်း အလျားပေ ၁၇၀ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် တက်စ်ကမ်မရိန်းကုမ္ပဏီလီမိတက်သို့ သွားရောက်ခဲ့ပြီး ကဏန်း၊ ပုစွန်မွေးမြူရေး လုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ရာ အဆိုပါ ကုမ္ပဏီမန်နေဂျာက စက်ရုံစတင်တည်ထောင်မှု၊ ရေထွက်ကုန်ပစ္စည်း ကဏန်းပျော့မွေးမြူ ထုတ်လုပ်တင်ပို့ရောင်းချမှုများ၊ ကကတစ်သားပေါက်မွေးမြူခြင်းလုပ်ငန်းများ၊ ကဏန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များက ပုစွန်သားပေါက် ဝယ်ယူရရှိမှု၊ ဈေးကွက်အတွင်း တင်ပို့ရောင်းချမှုအခြေအနေများနှင့် လုပ်ငန်းအခက်အခဲများကို တင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်စ်ကမ်မရိန်းကုမ္ပဏီမှ သားပေါက်ကန်များတွင် ကကတစ်သားပေါက်ကောင်ရေ နှစ်သိန်းခွဲ မွေးမြူထားရှိမှု၊ မြေသားကန်များအတွင်း ကကတစ်ငါးအကောင်ရေ ၂၇၀၀၀၀ မွေးမြူထားရှိမှုများနှင့် ကဏန်းများမွေးမြူထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လပွတ္တာမြို့နယ် ကျောက်ဖြူကျေးရွာရှိ ဦးကျော်ထွန်းမြင့်၏ ရေချိုပုစွန်ကန်များတွင် ပုစွန်သားပေါက်ကောင်ရေ ၄၂၀၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ မြောင်းမြ–လပွတ္တာကားလမ်းဘေး ရေဆိုင်ကျေးရွာအုပ်စုရှိ ဦးဝင်းဇော်ထွန်း၏ ငါးမြစ်ချင်းကောင်ရေ နှစ်သိန်း မွေးမြူထားရှိမှုများကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဈေးကွက်အတွင်း ဈေးနှုန်းသက်သာစွာ တင်ပို့ရောင်းချနိုင်ရေးနှင့် တိုးချဲ့မွေးမြူနိုင်ရေး လမ်းညွှန်မှာကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း ဆင်းပွဲကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် တန်ဖိုးမြင့်စားသောက်ကုန် (သီးနှံ အခြေခံ ယို၊ ဖျော်ရည်၊ ဝိုင်အမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်း (ပထမအကြိမ်) ဆင်းပွဲအခမ်းအနားကို ယမန်နေ့က ပြင်ဦးလွင်မြို့နယ် ပင်လိန် (အရှေ့) ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇင်မိုးလှိုင်က သင်တန်းဆင်းအမှာစကားနှင့် ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် ခရိုင်အဆင့်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးသက်လွင်ထူးက သင်တန်းထုတ်ကုန်ပစ္စည်းများ ပေးအပ်သည်။

## ထောက်ပံ့ပေးအပ်

အဆိုပါ တန်ဖိုးမြင့်စားသောက်ကုန် (သီးနှံအခြေခံယို၊ ဖျော်ရည်၊ ဝိုင်အမျိုးမျိုး) ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ယို၊ ဖျော်ရည်၊ ဝိုင် အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းကို ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိ တစ်ပတ်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်းနှင့် ဒုတိယအကြိမ် မွမ်းမံသင်တန်းဖွင့်လှစ်ပြီးပါက လုပ်ငန်းပြန်လည်လုပ်ကိုင်မည့် သင်တန်းသား သင်တန်းသူ ငါးဦးကို တစ်ဦးလျှင် ကျပ် ၁၀ သိန်းနှင့် ညီမျှသည့် စက်ပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၃၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်မှ **“PDF အကြမ်းဖက် သောင်းကျန်းသူများက ရထားလမ်းကို မိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွားခဲ့”** ခေါင်းစဉ်ဖြင့် ၂-၈-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် သားဖြစ်သူ အသက် ၁၁ နှစ်အရွယ်ကလေးအပါအဝင် ဆရာ ဆရာမ ခုနစ်ဦးကို PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင် ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး တစ်ဦးကို ပစ်သတ်သွားသည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၈၉၀ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး(၃၀-၇-၂၀၂၃) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၃၁-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၉၀)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၄) ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၂၈,၃၁၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၁,၀၅၈) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၈၂၉) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦးရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၃၀ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Ei Phyu Zin”အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ဘီးလင်းမြို့ ဆရာစံရပ်ကွက်နေ အိဖြူဇင်အား နံနက် ၈ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ “Win Naing” အကောင့်ပိုင်ရှင်ဖြစ်သူ ဘီးလင်းမြို့ ကန်သာယာ(၈)ရပ်ကွက်နေ ဝင်းနိုင်အား နံနက် ၈ နာရီ မိနစ် ၄၀ တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိန်းကလေးတစ်ဦးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၃၁**

မိန်းကလေးတစ်ဦးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး လုပ်အားခ ခေါင်းပုံဖြတ်ရယူခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ ဒေါ်အေးအေးသွယ်(ခ)ဒေါ်ဝတုတ်က လိပ်စာတူနေ မ---၊ ၁၇/၂၀၂၀ နှစ်အား နေပြည်တော်ရှိ အလုပြင်ဆိုင်တွင်လည်းကောင်း၊ ထမင်းဆိုင်တွင်လည်းကောင်း အလုပ်လုပ်လျှင် ဝင်ငွေကောင်းပြီး ရက် နှစ်ဆယ်လုပ်လျှင် ငွေကျပ် (၂/၃)သိန်းရမည်ဟု ပြောဆိုစည်းရုံး၍ နေပြည်တော်တွင် ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး လုပ်အားခခေါင်းပုံဖြတ်ရယူခဲ့သဖြင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့မရဲစခန်း (ပ) ၅၃၀/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ အင်းစိန်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၈ ရက်တွင် တရားခံ ဒေါ်အေးအေးသွယ်(ခ)ဒေါ်ဝတုတ်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ချမ်းမြသာစည်နှင့် ပြင်ဦးလွင်မြို့တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃၀ ရက် ညနေ ၅ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ မြို့ပတ်လမ်းတွင် နေမျိုးဆက်အောင်(ခ) ကိုနေမောင်းနှင်ပြီး မျိုးသက်ဦး လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ပိုပိုဟိန်းမောင်းနှင်ပြီး မသီတာအေးလိုက်ပါလာသည့် Toyota Crown ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀ ကို လည်းကောင်း။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဇူလိုင် ၂၈ ရက် ည ၈ နာရီတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၁) ရေငယ်လမ်းဆုံ မန္တလေး-လားရှိုးသွား ကားလမ်းတွင် အိုက်ဆမ်မောင်းနှင်လာသည့် Mitsubishi Fuso ၁၂ ဘီး ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ထိန်းချုပ်ဓာတုပစ္စည်းဖြစ်သည့် ဟိုက်ဒရိုကလိုရစ်အက်စစ် လီတာ ၇၂၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**○ MNL ပြိုင်ပွဲမှ**

ရန်ကုန်အသင်းကို အနိုင်ကစားထားသော်လည်း ဒုတိယအကျော့ တွေ့ဆုံရာတွင် ရှုံးကြွေးပြန်ဆပ်ခြင်း ခံခဲ့ရသည်။

ပွဲကစားချိန် ၅ မိနစ်မှာပင် ဆယ်လာက ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့ပြီး ၁၁ မိနစ်တွင် ဗလင်စီယာက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ၂၅ မိနစ်တွင် ထရာအိုရေးက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သော်လည်း ၃၃ မိနစ်တွင် ဗလင်စီယာ၊ ၃၆ မိနစ်တွင် ဆယ်လာတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက ရရှိသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းနှင့် GFA အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံအသင်း တိုက်စစ်မှူး နိုင်နိုင်ကျော်က ရရှိသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**

**■ ကျောဖုံးမှ**

ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းများကျရောက်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။

ယနေ့ညမှ ဩဂုတ် ၃ ရက်အတွင်း တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၃၁

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ ရောက်ရှိပြီး Phase-2 & 2A တို့တွင် ပါဝင်သည့် Hot Strip Mill အတွင်း စက်များတပ်ဆင်ထားရှိမှု၊ Meltshop-2 အတွင်း စက်များတပ်ဆင်ထားရှိမှု၊ Scrap များ စုပုံနိုင်ရေးအတွက် မြေနေရာ သတ်မှတ် ရွေးချယ်ထားရှိမှု၊ Sub-Station အတွင်း လျှပ်စစ်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မှုနှင့် အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက စက်ရုံခွဲများအတွင်းရှိ တပ်ဆင်ပြီး စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်၊ PLC စနစ်များ ပြုပြင်နိုင်ရေးအတွက် ကြိုတင်စစ်ဆေးထားရန်၊ တပ်ဆင်ထားရှိသည့် ကရိန်းများကို စမ်းသပ်မောင်းနှင်ရန်၊ စက်ရုံအတွင်း လျှပ်စစ်သွယ်တန်းထားမှုအခြေအနေကို လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ရန်၊ Phase-2 စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မည့်အဖွဲ့ (Project Team) ဖွဲ့စည်းရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အဆိုင်းစနစ်ဖြင့် ဆောင်ရွက်မည့် အစီအမံများရေးဆွဲတင်ပြရန်နှင့် ဝန်ထမ်းများအား သံမဏိထုတ်လုပ်သည့် နည်းပညာများ လေ့ကျင့်သင်ကြားပေးရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြိုတင်ဝယ်ယူ စုဆောင်းထားရန်၊ စက်ရုံအတွင်းရှိ စက်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မိမိဝန်ထမ်းများဖြင့် ဆောင်ရွက်နိုင်ရေး လေ့ကျင့်သင်ကြားပေးရန်နှင့် လုပ်ငန်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးညွန့်အောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ၂၀၂၃ ခုနှစ် အာဆီယံ-တရုတ် မဟာပင်လယ်အော်ဒေသ (ကျူးဟိုင်) စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်

နေပြည်တော် ဇူလိုင် ၃၁

အာဆီယံ-တရုတ်ဗဟိုဌာန (ASEAN-China Centre-ACC)၏ ဖိတ်ကြားချက်အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၉ ရက် မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ ကွမ်းတုန်းပြည်နယ် ရှန်ကျန်းမြို့၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် အာဆီယံ-တရုတ် မဟာပင်လယ်အော်ဒေသ (ကျူးဟိုင်) စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖိုရမ် (2023 ASEAN-China Greater Bay Area (Qianhai) Economic Cooperation Forum) သို့ တက်ရောက်ကြသည်။




ဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် ကျင်းပခဲ့ပြီး အာဆီယံ-တရုတ် စီးပွားရေး၊ စက်မှု၊ သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအစီအစဉ်တွင် တရုတ်နှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်များနှင့်အတူ ဒုတိယဝန်ကြီးဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုဖိုရမ်တွင် ဆွေးနွေးမည့် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရှင်များ၏ ဆွေးနွေးချက်များသည် သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ် စီးပွားရေးနယ်ပယ်များတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးမည်ဟု ယုံကြည်ပါကြောင်း၊ မဟာပင်လယ်အော်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် တရုတ်နိုင်ငံတွင်သာမက အာဆီယံနိုင်ငံများတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဖိုရမ်တွင် ဆွေးနွေးမှုများသည် အာဆီယံ-တရုတ် ဘက်စုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး ပိုမိုကောင်းမွန်တိုးတက်ရေးနှင့် အာဆီယံနှင့် မဟာပင်လယ်အော်ဒေသတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာတွင် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်မည့် ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်သော မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက အာဆီယံနှင့် မဟာပင်လယ်အော်ဒေသတို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ၌ အဓိကဆွေးနွေးသူအဖြစ်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအောင်ဇေယျာလွင်က စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အကြီးအမှူးများဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ၌လည်းကောင်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဖိုရမ်သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အာဆီယံ- တရုတ်ဗဟိုဌာန အထွေထွေအတွင်းရေးမှူးချုပ် Mr. Shi Zhongjun၊ တရုတ်နိုင်ငံ ရှန်ကျန်းပြည်နယ်အစိုးရ၏ ဒုတိယမြို့တော်ဝန် Mr. Wang Shourui ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မလေးရှားနိုင်ငံ၏ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဝန်ကြီးဌာနမှ ဝန်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တရုတ်နိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ဘရူနိုင်းနိုင်ငံသံအမတ်ကြီး၊ ဖိလစ်ပိုင်နိုင်ငံ၏ စက်မှုနှင့် ကုန်သွယ်ရေးဌာန၏ ဒုတိယအကြီးအကဲ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျွမ်းကျင်ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တရုတ်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန်နှင့် သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးစသည့် နယ်ပယ်များ၌ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်ပြီး မဟာပင်လယ်အော်ဒေသ၏ အခန်းကဏ္ဍကို အလေးပေးထည့်သွင်းဆွေးနွေးရန် ရည်ရွယ်ချက်ဖြင့် အာဆီယံ-တရုတ်ဗဟိုဌာနက ယခုဖိုရမ်ကို ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

# သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ဧရာဝတီတိုင်းဒေသကြီးအတွင်း Gasifier စက်ရုံများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၃၁

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ သုံးစွဲလျက်ရှိသော Gasifier အမျိုးအစားများအလိုက် အားသာချက်များနှင့် အားနည်းချက်များကို လေ့လာသုံးသပ်၍ ဒေသတွင်း ပညာရှင်များက စွမ်းအားမြင့် စပါးခွံလောင်စာသုံး Gasifier များ တပ်ဆင်တည်ဆောက်၍ အသုံးပြုနိုင်စေရေးအတွက် သင့်လျော်သော ဒီဇိုင်းနှင့် နည်းပညာများကို ပြည်သူများထံ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ကောက်ယူရရှိသော နမူနာများကို ဓာတ်ခွဲစမ်းသပ်၍ ရလဒ်များကို ဆန်းစစ်သုံးသပ်ကာ စက်ရုံမှ စွန့်ပစ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ အကျိုးရှိစွာ အသုံးပြုနိုင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပြန်လည်တင်ပြမည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။

ဇူလိုင် ၂၉ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ကျုံပျော်ခရိုင် အထောင်မြို့နယ်တို့ရှိ စပါးခွံလောင်စာသုံး Gasifier စက်ရုံများကို ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းသည်။

စစ်ဆေး

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ရှိ ဂျိုးဖြူဆန်စက်အတွင်း စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက်ရုံ လည်ပတ်နေမှု၊ ရေစက်များမှ ရေသန့်စင်ကာ စိုက်ခင်းအထိ ရေပေးဝေနေမှုကို စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ကျုံပျော်ခရိုင် အထောင်မြို့နယ်ရှိ ချမ်းမြေ့လင်း ဆန်စက်၊ စိုးရွှေနှင်းဆန်စက်နှင့် ဝင်းမေတ္တာဆန်စက်တို့တွင် ခေတ်မီစက်ကြီးများ အသုံးပြု၍ စက်လည်ပတ်နေမှုများနှင့် စပါးခွံလောင်စာသုံးဓာတ်ငွေ့ထုတ်စက် လည်ပတ်နေမှု၊ စွန့်ပစ်ရေများကို ရေစစ်ကန်များဖြင့် သန့်စင်စွန့်ပစ်နေမှု၊ ထွက်ရှိလာသည့် ပြာနှင့် ကတ္တရာများ ဖယ်ရှားနိုင်မှု၊ အင်ဂျင်နှင့် ဒိုင်နမိုတပ်ဆင်အသုံးပြုမှုများကို စစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာ အထက်တန်းကျောင်း(ပုသိမ်)တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများမှ တာဝန်ရှိသူများကို တွေ့ဆုံခဲ့ပြီး စက်ရုံပိုင်ရှင်များနှင့် ချိတ်ဆက်၍ စပါးခွံလောင်စာသုံး Gasifier စက်ရုံများ ဖွံ့ဖြိုးတိုးတက်စွာ အသုံးပြုနိုင်ရေးအတွက် အထောက်အကူ ပြုနိုင်မည့် လက်တွေ့ကျသည့် သုတေသနများကို ဆောင်ရွက်၍ ရလဒ်များကို မျှဝေပေးရန်၊ လိုအပ်သည့် နည်းပညာများ လွှဲပြောင်းဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲသို့ ကြွရောက်ကြသည့် ဆရာတော်ကြီးများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေလေဆိပ်၌ ပို့ဆောင်ပူဇော်



**စစ်တွေ ဇူလိုင် ၃၁**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်၌ ကျင်းပမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲ အခမ်းအနားသို့ ရခိုင်ပြည်နယ်မှ ကြွရောက်ချီးမြှင့်ကြမည့် ဆရာတော်ကြီးများအား စစ်တွေလေဆိပ်သို့ ပို့ဆောင်ပူဇော်ကြပြီး အိန္ဒိယနိုင်ငံမှ ထောက်ပံ့မည့်တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ လိုအပ်မှုနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီး၍ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲ အခမ်းအနားသို့ ရခိုင်ပြည်နယ်မှ ကြွရောက်ချီးမြှင့်ကြမည့် ဆရာတော်ကြီးများအား စစ်တွေလေဆိပ်သို့ ပို့ဆောင်ပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အိန္ဒိယနိုင်ငံမှ ထောက်ပံ့မည့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ လိုအပ်မှုနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်း ဆောင်ရွက်ခဲ့သည်မှာ နှစ်လတာကာလကို အောင်မြင်စွာ ပြည့်မြောက်ခဲ့ပြီး သုံးလမြောက်ကာလကို ဆက်လက်အောင်မြင်စွာ ဖြတ်သန်းနေပြီဖြစ်ကြောင်း၊ ဆောင်ရွက်ခဲ့သည့် လုပ်ဆောင်ချက်အသီးသီးတွင် ယခင်ထက်သာလွန် ကောင်းမွန်အောင် ဆိုသည့်ရည်မှန်းချက်ကို ဦးတည်ပြီး ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် အဆောက်အအုံများ ပြုပြင်ပြီးစီးမှု၊ ပြုပြင်နေမှုနှင့် ထောက်ပံ့ကူညီမှုများ၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများနှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဆွေးနွေးပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းရပ်ကွက်ရှိ နဂါးကျောင်းပရိယတ္တိစာသင်တိုက်၌ သံဃာတော်များအား ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါးများနှင့် နဝကမ္မအလှူတော်ငွေများအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မြို့အဝင် ပွိုင့်ကမ်းခြေနေရာမှ ဦးဥတ္တမပန်းခြံအထိ ပင်လယ်ကမ်းခြေတစ်လျှောက်၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၈-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၀၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၇၀ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၃၀၂၀ |
| 95 Ron | ၂၃၅၀ | ၂၄၀၀ | ၂၄၀၀ | ၂၃၆၀ | ၂၄၀၀ | ၂၄၂၅ | ၂၄၀၅ | ၂၃၈၅ | ၂၄၈၅ | ၂၅၀၀ | ၂၃၉၀ | ၂၄၁၀ | ၂၄၃၅ | ၂၄၄၀ | ၂၄၄၀ | ၂၆၇၀ | ၃၂၂၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၀၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၁၀ | ၂၄၄၅ | ၂၄၄၅ | ၂၄၅၀ | ၂၆၇၅ | ၃၂၂၀ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၅ | ၃၂၈၀ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၉၀ | ၂၅၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၅ | ၃၂၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၃၀ | ၂၂၀၆ |
| 95 Ron | ၂၂၃၈ | ၂၃၁၆ |
| HSD (500 ppm) | ၂၂၄၅ | ၂၃၂၀ |
| HSD (50 ppm) | ၂၃၁၉ | ၂၃၉၅ |
| HSD (10 ppm) | ၂၃၁၉ | ၂၃၉၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၃) စာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန်ရည်ရွယ်ပြီး တည်ထားသည့် **"မာရဝိဇယ"** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် **"မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၂၀၂၃)"**ကို ဖြန့်ချိရောင်းချလိုက်ပြီဖြစ်ပါသည်။

မြန်မာ့စွယ်စုံကျမ်း(၁၅)တွဲ၏ အဖြည့်ကျမ်းဖြစ်သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (Year Book) များကို ၁၉၇၈ ခုနှစ်က စတင်၍ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က အထွေထွေဗဟုသုတ ရှာမှီးသူများအတွက်သာမက သုတေသီပညာရှင်များအတွက်ပါ ရည်ညွှန်းကျမ်းတစ်စောင်အဖြစ် အားကိုးအားထားပြုနိုင်ရန် ရည်ရွယ်၍ နှစ်စဉ်ပြုစုပုံနှိပ်ထုတ်ဝေခဲ့ရာ ယခု ထုတ်ဝေဖြန့်ချိလိုက်သည့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၂၃) အပါအဝင် ၄၆ အုပ်ရှိပြီဖြစ်ပါသည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၂၃) သည် ၂၀၂၂ ခုနှစ်အတွင်း ထင်ရှားသည့် အဖြစ်အပျက်အချို့ကို ရေးသားပြုစု ပုံနှိပ်ထုတ်ဝေထားခြင်းဖြစ်သည်။ ဤကျမ်းကို စာရှုသူများ အလွယ်တကူ ဖတ်ရှုနိုင်စေရန် အပိုင်းကြီးသုံးပိုင်းခွဲ၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၂၀၂၂ ခုနှစ်အတွင်း ထင်ရှားသည့်ဖြစ်ရပ်များကို နိုင်ငံပိုင်သတင်းစာပါ သတင်းများနှင့်ညှိနှိုင်း၍ ရက်စဉ်မှတ်တမ်းအဖြစ် ရေးသားပြုစုဖော်ပြထားခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် စာပေပညာရှင်နှင့် သုတေသီတို့က ရေးသားပြုစုထားသည့် ၂၀၂၂ ခုနှစ်အတွင်း ထင်ရှားစွာဖြစ်ပေါ်လာသော အကြောင်းအရာများကို သမိုင်းဆိုင်ရာ အချက်အလက်များနှင့်ညှိနှိုင်းကာ သုတေသနပြု ရေးသားထားသော အထူးဆောင်းပါးကြီးများဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ကမ္ဘာနှင့် မြန်မာ့ရာသီဥတုပြောင်းလဲလာမှု၊ (၇၅) နှစ်ပြည့် စာပေဗိမာန် စိန်ရတုသဘင်၊ စာပေဗိမာန်မှစာပေနိဗ္ဗာန်သို့၊ တစ်ခေတ်တစ်ခါက မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းများ၊ နိုင်ငံတော်၏ ပုံနှိပ်မီဒီယာခရီး နှစ်ငါးဆယ်ပြည့်ရွှေရတု၊ ကမ်းစပ်နှင့်ရေလှိုင်း၊ ၂၀၂၂ ကမ္ဘာ့စီးပွားရေး လျှပ်တစ်ပြက် အကြည့်အမြင်၊ မျောက်ကျောက်ရောဂါ၊ ရုရှား-ယူကရိန်းစစ်ပွဲ စသည်တို့ဖြစ်သည်။ တတိယပိုင်းတွင် ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့်နိုင်ငံတကာမှ ထင်ရှားသည့် ဖြစ်ရပ်အချို့နှင့် ကွယ်လွန်ထင်ရှားပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ဖော်ပြထားပါသည်။

အဆိုပါကျမ်းစာအုပ်ကို ရောင်းဈေး ကျပ် ၉၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ်(တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) တို့၌ ၁-၈-၂၀၂၃ ရက်နေ့တွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

# လမြတ်ဝါဆို

မောင်လူမွှေး(မြန်မာမှု)



မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် ဝါဆိုလသည် ထူးခြားမှုရှိသောလဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် **"သန္ဓေတောထွက် ဓမ္မစကြာ တစ်ချက် ပြာဋိဟာ"** ဆိုသည့်အတိုင်း သဗ္ဗညုတဘုရားရှင်၏ ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦး ဓမ္မစကြာဟောတော်မူခြင်း၊ တိတ္ထိတို့ကို အကြောင်းပြု၍ ရေမီးအစုံတန်ခိုးပြာဋိဟာများကို ပြတော်မူခြင်းဟူသော ထူးခြားသည့်ဗုဒ္ဓဝင်ဆိုင်ရာနေ့ ဖြစ်လေသည်။

**လယ်ယာမြေတိုင်းတာသောလ**

ဝါဆိုလကို ပုဂံခေတ်က **"မန္တယ်တာ"** ဟု ခေါ်ဆိုကြသည်။ ပင်းယခေတ်၊ အင်းဝခေတ်တို့သို့ ရောက်သောအခါ **"နွယ်တာ၊ နွေတာ"** ဟု အဆင့်ဆင့် ပြောင်းလဲရေးထိုးခဲ့ကြသည်။(၅၈၈ ခုနှစ် ရေးထိုး ပုထိုးတော်ကြီးကျောက်စာ အမှတ် ၃၇၁-၁၊ သက္ကရာဇ် ၇၄၇ ထိုး ပင်းယမြို့ဟောင်းအရပ်ကျောက်စာ၊ သက္ကရာဇ် ၇၆၈ ထိုး အဝမြို့နန်းကျောက်စာ) ထိုဝေါဟာရမှာ နွေအလွန် မိုးအကူး လယ်ယာမြေတိုင်းတာသောလဟု အဓိပ္ပာယ်ရကြောင်းကို ဆရာကြီး ဦးဖိုးလတ်က ဖွင့်ဆိုထားလေသည်။

ပုဂံခေတ်မှစ၍ ထေရဝါဒဗုဒ္ဓဘာသာထွန်းကားလာသည်နှင့်အမျှ ဘာသာရေးကို အကြောင်းပြု၍ တစ်ဆယ့်နှစ်လရာသီပွဲလမ်းသဘင်များ ဖြစ်ပေါ်လာပေသည်။

ဤသည်ကို သက္ကရာဇ် ၉၀၄ ခုနှစ်တွင် ရေးဖွဲ့ပြီးဆုံးခဲ့သော အရှင်အဂ္ဂသမာဓိ၏ နေမီးငရဲခန်းပျို့တွင် -

**"ကထိန်သင်္ကန်း၊ ရဟန်းရှင်ပြု၊ ကျွတ်ဆုရည်ငံ၊ ပဉ္စင်းခံလျက်၊ ငှက်ပျံ ဖြုန်းဖြုန်း၊ တန်ဆောင်မုန်း၌၊ မီးဖုန်းမကျန်၊ သကြံန်မမေ့၊ စေ့မြေ့လျှုဒါန်း၊ ညောင်ရေသွန်းလျက်"** -

ဟု ရေးဖွဲ့မှုအရ ထိုခေတ်တွင် ပဉ္စင်းခံ၊ ရှင်ပြုပွဲတော် ရှိနေပြီဟု သိနိုင်ပေသည်။

သို့သော် ထိုမတိုင်မီ ပုဂံ၊ ပင်းယ၊ စစ်ကိုင်းခေတ်တွင် ပဉ္စင်းခံပွဲတော် ကျင်းပကြောင်းကို ကျောက်စာမင်စာများအရ မတွေ့ရဟု ဆရာကြီး ဓမ္မာစရိယ ဦးအေးနိုင် (ဘီအေ) ဆိုထားဖူးလေသည်။ (မြန်မာရိုးရာရာသီပွဲတော်များ-စာ-၁၁၃)

နယုန်လ စာတော်ပြန်ပွဲနှင့် ဝါဆိုလ ပဉ္စင်းခံပွဲသည် ဆက်စပ်နေလေသည်။ ပထမပြန်စာမေးပွဲကို ညောင်ရမ်းမင်းလက်ထက်တော်မှ စတင်၍ ပွဲသဘင်အနေဖြင့် ဆင်ယင်ကျင်းပကြောင်း သိရပေသည်။

ပထမပြန်စာမေးပွဲသဘင်တွင် အောင်မြင်တော်မူကြသည့် ရှင်နှင့် လူပုဂ္ဂိုလ်တို့ကို ဘုရင်နှင့် ရွှေတော်မျိုးတော် မှူးမတ်တော်တို့က အမည်အရည်အလိုက် ချီးမြှင့်ထောက်ပံ့ပြီး ရှင်ရဟန်းပြု(ရှင်ပြု-ပဉ္စင်းခံပွဲ) ပြုလုပ်ကြလေသည်။ ထိုပွဲကို ဝါဆိုလပြည့်နေ့တွင် ကျင်းပသည်။ ဤနှစ်ကဲ့သို့ ဝါထပ်သောနှစ်တွင်မူ ဒုတိယဝါဆိုလပြည့်နေ့မှ ကျင်းပရပေသည်။

ထိုပွဲတော်ကို လွှတ်တော်က စီမံပေးရ၏။ အင်းဝခေတ်မှသည် ကုန်းဘောင်ခေတ်အထိ ပဉ္စင်းခံပွဲဆိုင်ရာ စည်းကမ်းချက်များနှင့် မှတ်တမ်းမှတ်ရာများကို လောကဗျူဟာအင်ရုံစာတမ်းနှင့် မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတို့တွင် အကျယ်တဝင့်ဖော်ပြထားလေသည်။

ဤ၌ ဆိုလိုသည်မှာ ဝါဆိုဝေါဟာရနှင့် ဝါဆိုလပြည့်ကိုအခြေခံ၍ ဖြစ်ပေါ်လာသော မြန်မာ့ယဉ်ကျေးမှုကို တင်ပြလိုခြင်းဖြစ်ပါသည်။ ရှေးခေတ်ကျောက်စာ မင်စာ၊ ပျို့ ကဗျာ လင်္ကာမော်ကွန်းတို့တွင် **"မလွယ်တာ၊ နွယ်တာ၊ နွေတာ"** စသည်ဖြင့် ရေးသားခဲ့ကြရာ ရဟန်းတော်များ ဝါဆိုဝါကပ်ပြုရာတွင် ရွတ်ဆိုကြရသည့် **"ဣမသ္မိံ ဝိဟာရေ ဣမံတေမာသံ ဝဿံဥပေမိ" (ဝါတွင်းသုံးလ ကာလပတ်လုံး ဤကျောင်းတွင် သီတင်းသုံးနေထိုင်ပါမည်)** ဟူသော အဆို**ဝဿ**မှ **"ဝါ"** ဖြစ်လာပြီး အဓိဋ္ဌာန်ပြု**ရွတ်ဆိုမှုမှ "ဆို"** နှင့် ပေါင်းစပ်က **"ဝါဆို"** ဟူသော ဝေါဟာရဖြစ်ပေါ်လာပေသည်။ ယခင်အသုံးဖြစ်သော မလွယ်တာ၊ နွယ်တာ၊ နွေတာ အသုံးများသည် ပေါရာဏ (စကားဟောင်း) ဖြစ်သွားခဲ့ပြီး **"ဝါဆို"** ကိုသာ စကားလုံးအသစ်အနေဖြင့် အများစုသုံးလာကြလေတော့သည်။ ဤသို့ဝေါဟာရအသုံးတွင်ကျယ်လာခြင်းမှာ ဗုဒ္ဓဘာသာဝင်အများစုကြောင့်ဟု ဆိုရပေမည်။ [(ဝါသ= ဝါ=နေခြင်း၊ ဆို= ရွတ်ဆိုခြင်း) ဝဿသဒ္ဒါမှာ မိုးကိုလည်းဟောရာ မိုးခိုခြင်းဟုလည်း အဓိပ္ပာယ်ရလေသည်။ ]

ယနေ့ခေတ်အနေဖြင့် ဝါဆိုဝေါဟာရသည် ဗုဒ္ဓဘာသာ မြန်မာတို့အတွက် ဝါကပ်၊ ဝါဝင်၊ ဝါခေါင်၊ ဝါကျွတ်၊ ဝါထွက်၊ ဝါပန်၊ ဝါကျိုး၊ ဝါဆိုပန်း စသည်ဖြင့် ဘာသာရေးဆိုင်ရာ စကားအသုံးအနှုန်းဝေါဟာရများ ဖြစ်ပေါ်နေပေပြီ။

**ဘာသာရေးဆိုင်ရာပွဲသဘင်နှင့်**
**ဆက်စပ်သောလများ**

မြန်မာ့တစ်ဆယ့်နှစ်လရာသီများထဲတွင် ဘာသာရေးဆိုင်ရာပွဲသဘင်နှင့် ဆက်စပ်သောလများလည်း ရှိပေသည်။ အခြားဘာသာရေးဆိုင်ရာလများ ရှိသော်လည်း ဝါဆိုလကမူ ပို၍ထူးခြားသည်ဟု ဆိုရပေမည်။ ဝါဆိုလပြည့် ပုဏ္ဏာတိထီကို အခြေခံဆက်စပ်၍ တွက်ယူရသောနည်းစနစ်တို့ကြောင့် ဖြစ်သည်။ (ဝါကြီးထပ်၊ ဝါငယ်ထပ်၊ လထပ်၊ ရက်ငင်၊ နေကြွတ်၊ လကြွတ်၊ ရက်စုံ၊ ရက်မစုံ၊ ဝါဆို၊ ဝါကပ် စသည်များ) ရှိပေသည်။ ထိုအကြောင်းအရာများသည် ဝါဆိုလကို ဆက်စပ်၍ ဖြစ်ပေါ်လာရပေသည်။

ဝါဆိုလ အကြောင်းအရာနှင့် ဝါဆိုစဉ်အကြောင်းအရာများရေးဖွဲ့ခဲ့ကြသည့် ရှေးစာဆိုကြီးများ၏ စာအလင်္ကာများနှင့် အနုပညာရပ်များသည် မြန်မာမှုနယ်ပယ်တွင် များစွာရှိပေသည်။ (မုံရွေးဇေတဝန်ဆရာတော်၏ တက်ထွန်းကျက်သရေအစချီ ဝါဆိုစဉ်လင်္ကာ၊ မန်လည်ဆရာတော်ဘုရား၏ ရှေးကတန္တီ ပဝေဏီဖြင့်-အစချီ ဝါဆိုစဉ်လင်္ကာ၊ ပုဂံဥပါလိသိမ်ဝါဆိုစဉ် နံရံဆေးရေးပန်းချီ စသည်များ)

ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော လူမျိုးတစ်မျိုးကို အခြေခံသတ်မှတ်တိုင်းတာရာတွင် သင်္ချာကိန်းဂဏန်းတွက်ရိုးနှင့် ကကြိုးကလက် ကကွက် (လူရိုင်းများကဲ့သို့ ခုန်ပေါက်သောအကများကို မဆိုလို)တို့ကို သုံးသပ်ဆုံးဖြတ်သည့် အချက်အလက်သည်လည်း တစ်ခုအပါအဝင်ဟု မှတ်သားဖူးပါသည်။ ဤသို့ဆိုလျှင် ရှေးမြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဤဝါဆိုဆိုင်ရာ မြန်မာမှုများနှင့်လည်း တိုင်းတာသိရှိနိုင်သည်ဟု ဆိုရပေသည်။

**အာသဠ္ဍီ ပြုဗ္ဗာသာဠ်၊ ဥတ္တရာသာဠ်**
**နက္ခတ်နှစ်လုံးပေါင်းစပ်ခေါ်ဝေါ်ခြင်း**

ရှေးမြန်မာတို့ ရာစုနှစ်အဆက်ဆက် မြန်မာပြက္ခဒိန်တွက်ရိုး၊ သက္ကရာဇ်ဖြို့ခြင်း၊ နှစ်ကြွင်းထားခြင်း၊ သက္ကရာဇ်တို၊ သက္ကရာဇ်ရှည်များ ရှိခဲ့ခြင်း စသည်များတွင် ဤဝါဆိုလ အာသဠ္ဍီနက္ခတ်ကို အခြေတည်မှုပြုခြင်းသည်လည်း အချက်အလက်တစ်ခုဖြစ်ပေသည်။ အာသဠ္ဍီနက္ခတ်ဆိုသည်မှာ ပြုဗ္ဗာသာဠ်၊ ဥတ္တရာသာဠ် နက္ခတ်နှစ်လုံး ပေါင်းစပ်ခေါ်ဝေါ်ခြင်းဖြစ်သည်။

ဆောင်းပါးအစတွင် ဖော်ပြခဲ့သော **"သန္ဓေတောထွက် ဓမ္မစကြာ တစ်ချက်ပြာဋိဟာ"**ဆိုသော ဝါဆိုလပြည့်နေ့ ဗုဒ္ဓဝင်ဖြစ်စဉ်တွင် ထိုအာသဠ္ဍီနက္ခတ်တွင် ပါဝင်သော ဥတ္တရာသာဠ်နက္ခတ်နှင့် စန်းယှဉ်သောနေ့အခါများ ဖြစ်လေသည်။

ထိုသို့သော လပြည့်တိထီ အတိအကျသည် ဤနှစ် (သာသနာတော်နှစ်-၂၅၆၇၊ ကောဇာသက္ကရာဇ် ၁၃၈၅ ခု၊ ဒုတိယဝါဆိုလပြည့်နေ့၊ ၁-၈-၂၀၂၃ ) သန်းခေါင်ကျော်မှ ဩဂုတ်လ ၂ ရက်နေ့ (2-8-2023, Wednesday, Am 01:02 အချိန်တွင် ပြည့်ဝပါမည်) (Supermoon အဖြစ် မြင်တွေ့ရမည်) ဥတ္တရာသာဠ်နက္ခတ် တိတ်စွဲဒေသဖြစ်သော ဓနုရာသီ ပထမပါဒ်နှင့် မကရရာသီ ဒုတိယ၊ တတိယ၊ စတုတ္ထပါဒ်ဒေသတိတ်စွဲဖြစ်သော ကမ္ဘာ့တိုင်းပြည်နိုင်ငံဒေသများအလိုက် ထိုကာလအတွင်း ပြုလုပ်ချမှတ်သည့်အကြောင်းအရာ အားလျော်စွာ အနာဂတ်အတွက် ထူးခြားကောင်းမွန်မှုများဖြစ်ကြပါမည်တည်း။ ။

**မှတ်ချက်။ ။ ထေရဝါဒအရ 1-8-2023 Am 04:41 မှ 2-8-2023, Wednesday, Am 04:42 ထိ ဒုတိယဝါဆိုလပြည့်ဖြစ်ပါသည်။ အနောက်တိုင်းရက်ဖြတ်နှင့် နာရီပိုင်းကွဲလွဲပါသည်။**

■

**"မြန်မာ့တစ်ဆယ့်နှစ်လရာသီများထဲတွင် ဘာသာရေးဆိုင်ရာပွဲသဘင်နှင့် ဆက်စပ်သောလများလည်း ရှိပေသည်။ အခြားဘာသာရေးဆိုင်ရာလများရှိသော်လည်း ဝါဆိုလကမူ ပို၍ထူးခြားသည်ဟု ဆိုရပေမည်။ ဝါဆိုလပြည့် ပုဏ္ဏာတိထီကို အခြေခံဆက်စပ်၍ တွက်ယူရသောနည်းစနစ်တို့ကြောင့် ဖြစ်သည်။ (ဝါကြီးထပ်၊ ဝါငယ်ထပ်၊ လထပ်၊ ရက်ငင်၊ နေကြွတ်၊ လကြွတ်၊ ရက်စုံ၊ ရက်မစုံ၊ ဝါဆို၊ ဝါကပ် စသည်များ) ရှိပေသည်။ ထိုအကြောင်းအရာများသည် ဝါဆိုလကို ဆက်စပ်၍ဖြစ်ပေါ်လာရ"**

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှု အခြေအနေ

ကော့သောင်း ဇူလိုင် ၃၁

ကော့သောင်း ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါး ပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့နှင့် ပြောင်းတို့ဖြစ်သည်။

ဇူလိုင် ၂၆ ရက်မှ ၃၀ ရက်အထိ ပို့ကုန်တန်ချိန် ၂၂၆၁ (တန်ဖိုး အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၈၂သန်း)၊ သွင်းကုန်တန်ချိန် ၂၄၄ (တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၆၃၄ သန်း)၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁၆ သန်းဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ ဆီအုန်း တန် ၂၄၀၊ ပလာတူးခက် ၁၂၄ ဒသမ ၄၃ တန်၊ ကဏန်း ၁၀ ဒသမ ၁၄ တန်၊ ရေဘဝဲ ရှစ်တန်၊ ငါးလိပ်ကျောက် သုံး ဒသမ ၉၂ တန်၊ ခွေးလျှာ ၃၁ ဒသမ ၃၆ တန်၊ သဲတိုး ၂ ဒသမ ၇၂ တန်၊ ငါးချဉ်ပေါင် ၁၇ ဒသမ ၁၆၈ တန်၊ တာတို ၆၁ ဒသမ ၉၆၈ တန်၊ ပလာလန်း ၃၂ ဒသမ ၁၂၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ်ဆီ တန် ၆၀၀၊ ပီလောပီနံမှုန့် တန် ၁၈၀၊ လေပူဖောင်းပါသည့် ပလတ်စတစ် တစ်တန်၊ ပလတ်စတစ်ရေခဲပုံး ၁၅ တန်နှင့် ဆိုးဆေးမှုန့် သုံးတန်တို့ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီ ဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၁၃၀၅၀၊ ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၁၂၁၅၀ ဖြင့် တည်ငြိမ်လျက်ရှိသည်။



# ရွှေဘိုခရိုင်တွင် နွေစပါးနှင့်ဆန်ဈေးနှုန်းများ မြင့်တက်

ရွှေဘို ဇူလိုင် ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ဇူလိုင်လနောက်ဆုံးပတ်တွင် နွေစပါးနှင့် ဆန်ဈေးနှုန်းများမှာ ယခင်အပတ်ထက် အနည်းငယ်မြင့်တက်လာကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်တွင် ရွှေဝါထွန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၆၀၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၇၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဇူလိုင်လ တတိယပတ်တွင် ရွှေဝါထွန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၅၅၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၆၄၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇူလိုင်လ တတိယပတ်နှင့် နောက်ဆုံးပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်း နှိုင်းယှဉ်ပါက ဇူလိုင်လနောက်ဆုံးပတ်တွင် တတိယပတ်ထက် ရွှေဝါထွန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ဈေးနှုန်း ကျပ် ၆၀၀၀ မြင့်တက်ခဲ့ကြောင်း သိရသည်။

ယခင်နှစ်ကာလတူ၌ ရွှေဝါထွန်းစပါး တင်း ၁၀၀လျှင် ကျပ် ၆၈၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၂၈၅၀၀ သာ ပေါက်ဈေးရှိခဲ့သဖြင့် ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းနှိုင်းယှဉ်ပါက ယခုနှစ်တွင် ယခင်နှစ်ကာလတူထက် ရွှေဝါထွန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၉၂၀၀၀၀ နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၄၁၅၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ယခုနှစ် နွေစပါးပေါ်ချိန်တွင် နွေဆန်ဈေးနှုန်းမှာ ပြည်ပပေါက်ဈေးထက် ပြည်တွင်းဈေးနှုန်း ပိုများနေသဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ခြင်း မရှိသေးသော်လည်း ပြည်တွင်းဈေးကွက်တွင် ယခင်နှစ်နှင့် ယခင်အပတ်များထက် ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း ဆန်စက်လုပ်ငန်းရှင်များနှင့် ကုန်သည်များထံမှ သိရသည်။

**သတင်းအရင်းအမြစ်**
**စီးပွား/ကူးသန်း**

# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၃၁

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင်လ လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၀၀ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၃၀ သန်း ဖြစ်ပြီး ဇူလိုင် ၁ ရက်မှ ၃၀ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၅ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၃ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၁၀၈ ဒသမ ၀၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

မောင်တော ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။ ဇူလိုင် ၁ ရက်မှ ၃၀ ရက်အထိ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှ လယ်ယာထွက်ကုန်ပစ္စည်း ချင်း(အစို) ၂၃၅၂ ဒသမ ၅ တန်၊ တညင်းသီး ၁၄၄ ဒသမ ၃ တန်၊ ဆီးသီးခြောက် ငါးတန်၊ ဝဋ္ဋ တန် ၂၀၊ ကွမ်းသီးတစ်တန်၊ ထန်းလျက်သုံးတန်၊ နနွင်းတက် ရှစ်တန်၊ ရေထွက်ပစ္စည်းမှာ ငါးမြစ်ချင်း ၂၇၉ ဒသမ ၉၁၂တန်၊ ငါးသလောက် ၁ ဒသမ ၀၆ တန်၊ ပုစွန်ခြောက် သုည ဒသမ နှစ်တန်၊ ငါးစုံလေးခြောက် ၁၀၈ ဒသမ ၅ တန်၊ ငါးခေါင်းပွ ၈ဒသမ ၆၆ တန်၊ ငါးကုန်းညှိခြောက် ၁၃ တန်၊ စက်မှုကုန်ချောပစ္စည်းများမှာ သနပ်ခါးခဲ ၃ ဒသမ ၅ တန်၊ ဆီးယိုထုပ် ၂၂ ဒသမ ၅ တန်၊ လူကြီးစီးဖိနပ် အစုံ ၁၇၀၀၊ မုန့်ဖတ်ခြောက် ၁ ဒသမ ၃ တန် တင်ပို့ခဲ့သည်။ တင်သွင်းခဲ့သည့်ကုန်ပစ္စည်းများမှာ PVC Pipe ၄၁ ဒသမ ၆၅ တန်၊ PVC Tank ၈၄၅ ခု၊ အမျိုးသားဝတ်တီရှပ် အထည် ၅၀၀ နှင့် Foam Slipper အရန် ၁၀၀၀ တင်သွင်းခဲ့သည်။

ဒေသငွေလွှဲနှုန်းအနေဖြင့် ဇူလိုင် ၃၀ နံနက် ၁၁ နာရီ ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၃၂၀၈ ကျပ်၊ ၁၁၅ တာကာ၊ ၁၀၀ ကျပ်လျှင် ၃ ဒသမ ၅၈ တာကာ၊ တစ်တာကာလျှင် ၂၇ ဒသမ ၉၀ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

# မိတ္ထီလာကုန်စည်ဒိုင်တွင် ဖြစ်ပေါ်နေသော ဆီထွက်သီးနှံ ဈေးနှုန်းများ

မန္တလေး ဇူလိုင် ၃၁

